**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းလောကရှေ့ဆောင်မည် လူထုကြားကမြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇၆)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္ဂနွေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ(သဘောရေးဖြေ)ကျင်းပ

စာ - ၁၂ သို့



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မလိကျွန်းတိုက်နယ်ဆေးရုံတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်)

# တရားမဝင်အလုပ်သမားပို့ဆောင်မှုပပျောက်ရေး

မြန်မာနိုင်ငံကူးလက်မှတ်အတုများဖြင့် ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့သို့ တရားမဝင်အလုပ်သမားပို့ဆောင်သူများကိုဖမ်းဆီးရမိကြောင်း ဇန်နဝါရီလ ၇ ရက်ထုတ်သတင်းစာများတွင် ဖော်ပြပါရှိသည်။ မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက စည်းကမ်းနှင့်အညီဆောင်ရွက်ပေးလျက်ရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းအတွက် သင်တန်းများဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိသည်မှာလည်း ပြည်ပတွင်အလုပ်အကိုင်ကောင်းများရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးနေသော်လည်း တချို့က မိမိတို့နှင့်နီးစပ်ရာအဆက်အသွယ်များ၏ လိမ်ညာပြောဆိုမှုများကိုအမှန်ထင်ကာ နိုင်ငံတော်အစိုးရ၏တရားဝင်လမ်းကြောင်းမှသွားရောက်ကြရမည့်အစား တရားမဝင်လမ်းကြောင်းများမှသွားရောက်ကြသည်။ ထိုသို့သွားရောက်ခြင်းဖြင့် လိမ်လည်လှည့်ဖြားခြင်းခံရသည့်အခါ ဖွတ်မရဓားမဆုံးဆိုသကဲ့သို့လည်းကောင်း၊ မြွေပါလည်းဆုံး သားလည်းဆုံးဆိုသကဲ့သို့လည်းကောင်း အရှုံးများစွာနှင့်ရင်ဆိုင်ကြရသည်။

မိမိတို့မိသားစုဘဝပိုမိုတိုးတက်အဆင်ပြေစေရေးမျှော်မှန်းချက်ဖြင့် ပြည်ပသို့ထွက်ခွာသည့်အခါ ငွေကြေးအရင်းအနှီးများစွာပေးကြရသည်။ မိမိတို့ပိုင်ဆိုင်မှုကိုရောင်းချ၍လည်းကောင်း၊ အခြားမှငွေကြေးရယူ၍လည်းကောင်း သွားကြရသူများမှာအများစုဖြစ်သည်။ ထိုအခြေအနေမျိုးတွင် အထက်ပါသတင်းကဲ့သို့ မြန်မာနိုင်ငံကူးလက်မှတ်အတုများကိုင်ဆောင်မိသောအခါ မိသားစုများအတွက် အပူသောကကိုဝယ်ယူလိုက်ကြသလိုဖြစ်သွားသည်။ တရားမဝင်လိမ်လည်လှည့်ဖြားသူများမှာ အဖွဲ့အစည်းတစ်ခုလိုချိတ်ဆက်ဖွဲ့စည်းထားပြီး လိမ်ညာနေခြင်းဖြစ်သည်။ ယုံကြည်အောင်ပြောဆိုခြင်း၊ ယုံကြည်နိုင်လောက်အောင် ရဲရဲတင်းတင်းအာမခံခြင်းများဖြင့် လှည့်စားကြသည်။ သို့သော် ယခုကဲ့သို့ ရာဇဝတ်သားများအဖမ်းခံရသောအခါ လှည့်စားခံရသူများဆုံးရှုံးသွားသည့်ငွေကြေးများကို မည်သူကမျှပြန်ပေးမည်မဟုတ်သည်မှာ ရာခိုင်နှုန်းပြည့်သေချာသည်။

ပြည်ပသို့ထွက်ခွာမည့်သူများသည် ရည်ရွယ်ချက်၊ ရည်မှန်းချက်ကြီးကြီးမားမားထားကာ သွားလိုကြခြင်းဖြစ်သော်လည်း အတုအယောင်များနှင့်တွေ့လိုက်ရသည့်အခါ အားလုံးပျောက်ဆုံးသွားရသည်။ လိမ်လည်သူများသည် မိမိတို့ကိုယ်ကျိုးစီးပွားတိုးတက်ရေးအတွက် လိမ်လည်မှုပြုနေသူများဖြစ်ပြီး ဘယ်သူသေသေငတေမာရင်ပြီးရောဆိုသူများဖြစ်ကြသည်။ တရားမဝင်အလုပ်သမားပို့ဆောင်သူများဖမ်းဆီးရမိသတင်းတွင် “ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားလုံခြုံရေးပူးပေါင်းအဖွဲ့သည် မြဝတီမြို့မှထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(TBP) ဖြင့်ထွက်ခွာမည့် သက်နန္ဒာဝင်းကခေါ်ဆောင်လာသည့် တောင်တွင်းကြီးမြို့နယ်နေ မနှင်းအိဖြူပါအမျိုးသမီးငယ်သုံးဦးအပါအဝင် မြန်မာလူငယ် ၁၁ ဦးထံမှ မြန်မာနိုင်ငံကူးလက်မှတ်အတု ၁၁ အုပ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ရာမှ နောက်ဆက်တွဲတရားခံများကို ဖော်ထုတ်ဖမ်းဆီးမိခဲ့ခြင်းဖြစ်ကြောင်း” ဖော်ပြထားသည်။

တရားမဝင်အလုပ်သမားပို့ဆောင်သူများဖမ်းဆီးရမိခြင်း၊ တရားမဝင်ကုန်သွယ်မှုများဖမ်းဆီးရမိခြင်း၊ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခြင်း စသည့်သတင်းများမှာ နိုင်ငံတော်အတွက် သတင်းကောင်းများဖြစ်သည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုသည့်အတိုင်း မကောင်းမှုလုပ်သူသည် နောက်ဆုံးတွင် ဥပဒေဘောင်အတွင်း သက်ဆင်းဝင်ရောက်ကြရမည်သာဖြစ်သည်။ တာဝန်ရှိသူများက တာဝန်သိစိတ်ဓာတ်ဖြင့်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိသည်မှာ တိုင်းပြည်နှင့်လူမျိုးကောင်းကျိုးသယ်ပိုးခြင်းဖြစ်သည်။ ထို့အတူ ဖမ်းဆီးရမိရေးအတွက် သတင်းပေးကြသူပြည်သူများမှာလည်း နိုင်ငံသားတစ်ဦး၏ တာဝန်ကိုကျေပွန်စွာဆောင်ရွက်ခြင်းဖြစ်သည်။

တရားမဝင်လုပ်ငန်းမှန်သမျှမှာ နိုင်ငံအတွက်၊ ပြည်သူများအတွက် ကောင်းကျိုးမပေးသည့် လုပ်ရပ်များသာဖြစ်သည်။ အထူးသဖြင့် ယခုကဲ့သို့ တရားမဝင်အလုပ်သမားများပို့ဆောင်သူများ၊ မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်သူများမှာ မိမိကိုယ်ကျိုးစီးပွားအတွက် အခြားသူများ၏ဘဝကို နင်းချေပစ်လိုက်ခြင်းဖြစ်သည်။ အမျိုးသမီးငယ်များကို တရားမဝင်အလုပ်သမားများအဖြစ်ပို့နေခြင်းမှာ လူကုန်ကူးမှုလုပ်နေခြင်းဖြစ်သည်။ မရေရာမသေချာဘဲ သူများနိုင်ငံ၌ အတိဒုက္ခရောက်ရှိနေရသူများကို နောက်ဆုံးတွင် ပြည်ပရှိမြန်မာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် ပြန်လည်ခေါ်ယူပေးနေရသည်။ ပြန်လည်ခေါ်ယူပေးခဲ့သည့် နိုင်ငံတော်အစိုးရ၏စေတနာမေတ္တာကို နားလည်သဘောပေါက်ကာ ကျေးဇူးတင်မဆုံးဖြစ်နေကြသည်။ နိုင်ငံတော်အစိုးရဆိုသည်မှာ နိုင်ငံသူနိုင်ငံသားများ၏ကောင်းကျိုးကိုသာ အစဉ်ဆောင်ရွက်ပေးနေသည့်အတွက် ပြည်ပသို့အလုပ်အကိုင်သွားရောက်လုပ်ကိုင်လိုသူများအနေဖြင့် တရားဝင်လမ်းကြောင်းမှလွဲ၍ အခြားလမ်းကြောင်းများကို ရွေးချယ်ခြင်းမပြုကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# အခြေခံစားကုန်နှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**စစ်တွေ ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဝန်ထမ်းများအား အခြေခံစားကုန်နှင့်သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ဇန်နဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ဈေးနှုန်းသက်သာစွာရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့ဝင်များသည် ဝန်ထမ်းများအား ရောင်းချပေးမည့် အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များခင်းကျင်းထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး ဈေးဝယ်ရန်ရောက်ရှိလာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသုံးကုန်များနှင့် သား၊ ငါးများပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေးတို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထိုသို့ဝန်ထမ်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးရာတွင် အခြေခံစားသုံးကုန်များဖြစ်သည့် ဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးခြောက်၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သား၊ ဝက်သားနှင့် ငါး၊ ပုစွန်များကို ဈေးနှုန်းသက်သာစွာရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၃၁၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့

**မင်းဘူး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းပေါင်း ၃၁၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ကြောင်း မင်းဘူးခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ သိရသည်။

မင်းဘူးခရိုင်နှင့် ခရိုင်တွင်းရှိ မြို့နယ်ငါးခု၌ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအဖြစ် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေရရှိရေး၊ စက်မှုလယ်ယာဖွံ့ဖြိုးရေး၊ မြန်မာ့ရေနံ၊ သစ်တော၊ MSME နှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး၊ ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းပေါင်း ၁၀၅ ခုအတွက် ခွင့်ပြုငွေကျပ် ၁၇၃၅၈ ဒသမ ၆၈၃ သန်း၊ တိုင်းဒေသကြီးဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းပေါင်း ၃၂၃ ခုအတွက် ခွင့်ပြုငွေကျပ် ၁၉၄၈၇ ဒသမ ၈၆၁ သန်းတို့ဖြင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ် ဦးစီးဌာနများက စီမံကိန်းလျာထား ဆောင်ရွက်ကြောင်း မင်းဘူးခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး စီမံကိန်းဦးစီးမှူး ဦးသန်းထွန်းမြတ်ကပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးခရိုင်၌ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ပြည်ထောင်စုဘတ်ဂျက်ဖြင့် လုပ်ငန်းအမျိုးအစားပေါင်း ၁၀၅ ခုအနက် လုပ်ငန်း ၅၇ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၈၂၃၈ ဒသမ ၉၆၅ သန်း၊ ထို့အတူ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် လုပ်ငန်းအမျိုးအစားပေါင်း ၃၂၃ ခုအနက် လုပ်ငန်း ၂၅၉ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၁၄၃၇၂ ဒသမ ၄၅၁ သန်းတို့ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းစီမံကိန်းများအလိုက် လုပ်ငန်းပေါင်း ၃၁၆ ခုကို ရာနှုန်းပြည့်ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## သဇင် (FM) အသံလွှင့်အစီအစဉ်

၁၉-၁-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ

၂။ ၁၀:၄၀ နိပါတ်တော်လာ သိမှတ်စရာ

၃။ ၁၃:၃၀ Music Crazy

၄။ ၁၄:၅၅ Sporty Zone

၅။ ၁၈:၂၀ Relaxing Moment

၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တွံတေးမြို့နယ်၌ နွေစပါးဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီး ဆန်စပါးပေါ်ချိန်တွင် ဒေသဈေးကွက်အပြင် ပြည်ပသို့ဆန်တင်ပို့နိုင်ရေး အထောက်အကူဖြစ်စေမည်



ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ နွေစပါးစိုက်ပျိုးမှုလျာထားချက်ပြည့်မီကျော်လွန်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင် နွေစပါး ၄၂၈၀၄ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ဆန်၊ စပါးပေါ်ချိန်တွင် ဒေသဈေးကွက်အပြင် ပြည်ပသို့ ဆန်တင်ပို့နိုင်ရေး အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

တွံတေးမြို့နယ်ရှိ ကျေးရွာများ၌ မိုးစပါးရိတ်သိမ်းပြီးနောက် စိုက်ပျိုးရေအဆင်ပြေသောဒေသများ၌ နွေစပါးကို အဓိကထားစိုက်ပျိုးကြကာ ယခုနှစ် နွေစပါးလျာထားဧက ၄၂၈၀၄ ဧကတွင် ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ နွေစပါးကို ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိသော စပါးမျိုးများဖြစ်သည့် ရက် ၉၀ နှင့် ဆင်းသုခ စပါးမျိုးများကို အဓိကထားစိုက်ပျိုးကြသည်။

"မိုးစပါးက မိုးရာသီမှာ ရေကြီးနစ်မြုပ်တာ၊ ရွှေခရုဖျက်ဆီးတာတွေရှိတဲ့အတွက် အထွက်နှုန်းလျော့နည်းလို့ ချောင်း၊ မြောင်းတွေနဲ့နီးတဲ့တောင်သူတွေက နွေစပါးကို အဓိကထားစိုက်ပျိုးကြတယ်။ ဒီနားတစ်ဝိုက်မှာ ရက် ၉၀၊ ဆင်းသုခ၊ အညာသား၊ ရွှေဘိုချွန်း၊ ဘေးကျား၊ ခွံနီနဲ့ တောင်ပျံ စပါးမျိုးတွေကို အဓိကစိုက်ပျိုးကြပါတယ်။ ဒီစပါးမျိုးတွေက တစ်ဧကကို တင်း ၉၀ ကနေ ၁၀၀ အထိ ထွက်ရှိပါတယ်"ဟု တွံတေးမြို့နယ် တကလဲ့ကျေးရွာမှ တောင်သူဦးဝင်းရီကပြောသည်။

တွံတေးမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် လျာထားဧကပြည့်မီရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တွံတေးမြို့နယ်၌ နွေစပါးလျာထားဧကများ စိုက်ပျိုးပြီးစီးပါက ဆန်၊ စပါးပေါ်ချိန်တွင် ဒေသတွင်းဆန်၊ စပါးဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို အကျိုးပြုမည်ဖြစ်ကာ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့နိုင်ရေးကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တွံတေးသား**

# ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၇ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဒေါပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်စုဝေက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-10 မှ မထိုက်အိဝင်းက လူငယ်နှင့်စာပေ၊ Grade-11 မှ မချောစုက လူငယ်နှင့်စာရိတ္တ၊ Grade-11 မှ မောင်သော်ဇင်ဦးက လူငယ်နှင့်ကျန်းမာရေး၊ Grade-10 မှ မောင်မင်းသန့်ညီညီက လူငယ်နှင့်အားကစား၊ Grade-10 မှ မချောကေခိုင်က လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-10 မှ မောင်သန်းနိုင်ဝင်းက လူငယ်နှင့်နည်းပညာခေါင်းစဉ်တို့ဖြင့် အသီးသီး ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူနှင့် ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာဗဟုသုတရဖွယ် နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များကို ကြည့်ရှုလေ့လာကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူလူထုအတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့်အပြင် လူငယ်ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ လစဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

# ဇန်နဝါရီလတတိယပတ် တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာ အစောင်နှစ်သောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်စတော့အိတ်ချိန်း၌ ဇန်နဝါရီလ တတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၇၀၀ ခန့်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် နှစ်သောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇန်နဝါရီလ ၁၃ ရက်မှ ၁၇ ရက်အထိ ငွေကျပ် ၆၉၉၂၇၄၅၀ တန်ဖိုးရှိစတော့ရှယ်ယာအစောင် ၁၉၃၃၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ဖြစ်ခဲ့ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၃၅၁၆၆၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၃၅၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် သုံးပုံနှစ်ပုံခန့်အထိ အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၀၂၈၆၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၂၅၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၇၉၉၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် လေးပုံသုံးပုံခန့်အထိ အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၇၅၇၅၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၉၉၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၇၆၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၉၃၇၆၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၆၂၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၂၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၄၁၅၂၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၀၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၂၄၉၄၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၈၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်အတွင်း စာရင်းဝင်ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီသုံးခုမှအပ ကျန်ကုမ္ပဏီငါးခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ယင်းသို့နားထောင်ရသဖြင့် ပီတိဖြစ်ရသည့်အထဲ၌ပင် အိမ်ကိုသတိရ၍ ရင်ထဲ၌နွေးခနဲဖြစ်မိသေးရာ မောင်ပုကလည်း ထို့အတူ ဖြစ်ရသည်ဟု ပြောဖူးသည်။ မင်းသား၊ မင်းသမီး 'နှစ်ပါးသွား' ပြီး၍ ငိုချင်းတစ်ပုဒ်လောက် နားထောင်ပြီးသောအခါ နှစ်နာရီကျော်ကျော်ခန့်ရှိပြီဖြစ်၍ အိမ်သို့ပြန်ပြီး အိပ်မည်ပြုကြရာတွင် အိပ်ရာနေရာများမှာ ထားခဲ့သည့်အတိုင်း ရှိနေခြင်းကို တွေ့ရ၍ စိတ်ချလက်ချအိပ်လိုက်ကြလေ၏။

**အလိမ်မိခြင်း**

'ရှီး၊ ရှမ်း၊ ဖြန်း၊ ဗျင်း'ဟူသော အသံများ ကြားရခြင်းနှင့်အတူ ခြေသလုံး၊ ပေါင်၊ ကျော စသည်တို့မှ စပ်ဖျဉ်းဖျဉ်းဝေဒနာများခံစားရ၍ အလူးလူး အလဲလဲနှင့် ပျာယီးပျာယာ ထလိုက်ကြရာတွင် မောင်ပုနှင့် ကျွန်ုပ်အား 'ဂျပ်လှန်တုတ်'နှင့် ရိုက်နေသော ဖခင်ကို မြင်ကြရ၏။ (ဂျပ်လှန်တုတ်ဟူသည်မှာ စက်ချုပ်ထားသော သက္ကလတ်သဲကြိုးကို အတွင်းအပြင်လှန်ရန် ပြုလုပ်ထားသည့် လက်နက်ကိရိယာတစ်ခုဖြစ်ရာ အလျားတစ်တောင်သာသာရှိသည့် ချွန်ထက်သော ဝါးခြမ်းတစ်ခုဖြစ်သည်။ ယင်းမှာ ရင့်မာသော ဝါးကိုချောမွတ်အောင် ခုတ်ဖြင့်သပ်ထားခြင်းဖြစ်ရာ မည်မျှလောက်ရင့်၍ မည်မျှလောက်မာသော ဝါးဖြစ်သည်ကို မောင်ပုနှင့် ကျွန်ုပ်အသိဆုံးဖြစ်သည်။ ဖခင်သည် ကြိမ်မသုံးဘဲ ယင်းတုတ်ကို အမြဲသုံးလေ့ရှိ၏။) ဖြစ်ဟန်လက္ခဏာရှိသည်မှာ ကျွန်ုပ်တို့သည် ပွဲမှ ပြန်လာကြသောအခါ အတော်ညဉ့်နက်ပြီဖြစ်၍ ခါတိုင်းကဲ့သို့ စောစောမထနိုင်ကြဘဲ အိပ်ပျော်လျက်ရှိကြသည်၌ ဖခင်က ရိုက်နှိုးခြင်းဖြစ်သည်ဟု ထင်နေကြ၏။ သို့ရာတွင် ထိုသို့ကား မကသေး။ ညကတည်းက ဖခင်အောက်သို့ ဆင်းလာ၍ ဖုံးထားသော စောင်များကိုလှန်ကြည့်ရာတွင် ကျွန်ုပ်တို့ကို မတွေ့ဘဲ ဖိနပ်ကိရိယာများ စီခင်းထားခြင်းကို တွေ့သွားခဲ့လေပြီ။

**တွေ့ကရာ ရိုက်ချင်တတ်သည်**

ကျွန်ုပ်တို့ စီမံထားခဲ့သော စောင်များနှင့် အိပ်ရာများကို ဖခင်တွေ့ရသောအခါက ရယ်ချင်လေသလော မပြောတတ် နံနက်ခင်း၌ ကျွန်ုပ်တို့နှင့် မောင်ပုကို ရိုက်နေသောအခါ၌မူကား ရယ်ချင်သည့် မျက်နှာထားမျိုး လုံးဝမတွေ့ရဘဲ အလွန်စိတ်ဆိုးဟန်နှင့် ရှုတည်ကာ နာနာကြီးရိုက်နေခြင်းကိုသာ တွေ့ရ၏။ ကျွန်ုပ်နှင့် မောင်ပုတို့မှာ နာခြင်းနှင့် ထိတ်လန့်ခြင်းတို့ မည်သည့်ဘက်က အလေးချိန်သာသည်ဟု မပြောနိုင်ဘဲ တုတ်ကျသောနေရာများသို့ လက်ဖြင့် ပွတ်ရင်း 'တရှီးရှီးတရှုံရှုံ' အော်နေကြစဉ် ကျွန်ုပ်တို့နှင့်ပွဲအတူတူ ကြည့်သော အလုပ်သမားတစ်ယောက်သည် ကျွန်ုပ်ကို ခင်မင်၍ သနားသောကြောင့်ပေလော၊ သို့တည်းမဟုတ် ပွဲအတူတူ ကြည့်မိခြင်းကြောင့် သူ့၌လည်း စိတ်မကောင်းဖြစ်ရသောကြောင့်ပေလော၊ သို့တည်းမဟုတ် ဆရာ၏သားတစ်ယောက် အရိုက်ခံရသည်၌ ဝင်၍ ဖျန်ဖြေဖို့တာဝန်ရှိသည်ဟု ယူဆသောကြောင့်ပေလော၊ ဤသို့ ဖျန်ဖြေပေးခြင်းအားဖြင့် သူ့အဖို့ရာတွင် မျက်နှာရလိမ့်မည်ဟု ယူဆသောကြောင့်ပေလော မပြောတတ်။ ကျွန်ုပ်၏ရှေ့သို့ ပြေးဝင်ကာ ကျွန်ုပ်အား အကာအကွယ်ပေးလျက် 'ကျွန်တော့်ကို ရိုက်ပါ ဆရာခင်ဗျား၊ ကျွန်တော့်ကို ရိုက်ပါ ဆရာခင်ဗျား'ဟု ဆိုကာ ကျောကိုကုန်း၍ ပေးလေ၏။ ဤတွင် ကျွန်ုပ်၏ ဖခင်သည် မည်သို့ ပြုသည် ထင်ကြသနည်း။ ကျွန်ုပ်နှင့် မောင်ပုကို လုံးလုံးလွှတ်ထားခဲ့၍ ထိုအလုပ်သမားကိုချည်း သဲသဲမဲမဲရိုက်လေတော့သည်။ ဤတွင် မိခင်က 'ကိုရင် ဘယ့်နှယ်လုပ်တာတုံး ကိုရင်'ဟု အသိပေးခါမှ ၎င်းအလုပ်သမားမှာ သက်သာရာရလေတော့သည်။ သို့နှင့်လည်း ဆယ့်လေးငါးချက်ထက်မနည်း အရိုက်ခံရပြီးရှာလေပြီ။ ထိုအလုပ်သမားအတွက်ကြောင့် ကျွန်ုပ်တို့မှာ သက်သာရာရသော်လည်း ၎င်းအလုပ်သမားအပေါ်၌ ဖခင်၏ ပြုမူပုံသည် ကျွန်ုပ်၏ နှလုံးသားတွင် အမှတ်ကြီးတစ်ခု ထင်နေခဲ့လေသည်။

**ပထမဦး ရည်းစားစာပေးခြင်း**

ကျွန်ုပ် ခုနစ်တန်း၌ရှိစဉ် ကျွန်ုပ်၏ နှလုံးသားတွင် မပျက်နိုင်သော ဒုတိယအမှတ်တစ်ခု ဖြစ်ရပုံကိုလည်း ဖော်ပြရပေဦးမည်။ ခုနစ်တန်းစာမေးပွဲဝင်ခါနီးအချိန်တွင် ကျွန်ုပ်မှာ အသက် ၁၅ နှစ်အရွယ်ရှိခဲ့ပြီဖြစ်ရာ နော်မန်ကျောင်းသူလေးတစ်ယောက်နှင့် စာပေးစာယူလုပ်ခဲ့မိ၏။ မိန်းကလေးမှာ ကျွန်ုပ်နှင့် ထုပ်ဆီးတမ်းကစားဖက်တစ်ယောက်ဖြစ်၍ အရောတဝင် ခေါ်ငင်ဆက်ဆံလျက်ရှိကြရာတွင် အလုပ်သမားများက ကျွန်ုပ်အား မြှောက်ပေးကြသည်နှင့် စာတစ်စောင် ပေးဖူး၏။ စာထဲတွင် ဘာမျှရေးထည့်တတ်သည်မဟုတ်။ အလုပ်သမားတစ်ယောက်က ရေးစပ်ပေးသည့် တေးထပ်တစ်ပုဒ်ကို ကူးရေး၍ ပေးလိုက်ခြင်းသာဖြစ်၏။ မိန်းကလေးထံမှလည်း ၎င်းနည်းတူ တေးထပ်တစ်ပုဒ်ကို ပြန်ဖူးလေသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့အရပ်ထဲတွင် ကျွန်ုပ်ထက် အတန်းငယ်သော်လည်း အသက်သုံးနှစ်ခန့်ကြီးသော ကျောင်းနေဖက်တစ်ယောက်နှင့် ကျွန်ုပ်မှာ မခွဲနိုင် မခွာနိုင်အောင်ချစ်ခင်လျက်ရှိရာ တစ်ယောက်အကြောင်းကို တစ်ယောက်အား ပြောမိကြ၏။ ဤတွင် သူ့၌လည်း နော်မန်ကျောင်းသူတစ်ယောက်နှင့် ချစ်ကြိုက်နေကြောင်း ကျွန်ုပ်သိရ၏။ ကျွန်ုပ် နားလည်သလောက်မှာ သူတို့၏ချစ်ခြင်းသည် အပျို၊ လူပျို ချစ်ခြင်းဖြစ်ဟန်ရှိ၍ ကျွန်ုပ်၏ချစ်ရေးကား တေးထပ်တစ်ပုဒ်စီ အပြန်အလှန် ပေးဖူးကြခြင်းမျှသာဖြစ်သဖြင့် စိတ်ထဲ၌ ထိထိခိုက်ခိုက်မဟုတ်လှချေ။ (ကျွန်ုပ်မှာ ထိုအချိန်က 'ကြီးကောင်ဝင်'သည်ဟု ခေါ်ကြသည့် အရွယ်ရောက်သော အထိမ်းအမှတ်ပင် မပြသေးကြောင်း မှတ်မိ၏။) သို့ရာတွင် ရည်းစား ကိုယ်စီနှင့် လူလားမြောက်လျက်ရှိပြီဟူသောအထင်ကို ကျွန်ုပ်သဘောကျလှ၍ ၎င်းသူငယ်ချင်းနှင့် ကိုယ့် 'မြဲ' အကြောင်း ကိုယ်ပြောရခြင်းကို မြိန်ရှက်လှသည်။ သူ၏ရည်းစားနှင့် ကျွန်ုပ်၏မိန်းကလေးမှာ နော်မန်ကျောင်းသူချည်းဖြစ်ကြ၍ ကျွန်ုပ်တို့သည် အတူတကွ ကျောင်းပြေးပြီး ပိုးပန်းကြရန် သဘောတူကြလေ၏။

**အဖော်ကောင်းလျှင်ပါတတ်ခြင်း**

ယခုအချိန်မှ ပြန်၍ကြည့်သော် ထိုစဉ်က စိတ်ထားသည်လည်းကောင်း၊ အကြံအစည်သည်လည်းကောင်း၊ ချစ်ကြိုက်ပါသည်ဆိုသော မေတ္တာစိတ်သည်လည်းကောင်း ဟုတ်တိပတ်တိမရှိ။ ဘာလောက်မျှလည်း နက်နဲကြီးကျယ်သည် မဟုတ်ချေ။ သို့ရာတွင် ထိုစဉ်က ကျွန်ုပ်၏စိတ်အထင်မှာမူ ကျွန်ုပ်၏ နှလုံးသားတွင် အချစ်ရောဂါကြီး စွဲကပ်နေပြီဖြစ်သောကြောင့် တစ်နေ့မမြင်ရလျှင် သေရတော့မလောက် အထင်ရောက်လျက်ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သူငယ်ချင်းနှစ်ယောက်သည် စာအုပ်ကလေးများ ကိုယ်စီနှင့်အိမ်မှထွက်လာကြ၍ နော်မန်ကျောင်းဘက်ဆီသို့ ချိုးကာ ရွှေကျီးမြင့်ဘုရားဆီသို့ သွားကြလေ၏။ ကျွန်ုပ်မှာ ကျောင်းမပြေးဘဲ အတန်ကြာနေခဲ့ပြီးသည့်နောက် အလွယ်တကူနှင့်ကျောင်းပြေးမိခြင်းမှာ အမြစ်မပြတ်ခဲ့သည့် 'ရောဂါဟောင်း' ပြန်၍ ထခြင်းပင်ဖြစ်တန်ရာသည်။ ကျွန်ုပ်၏ ညံ့ဖျင်းချက်တစ်ခုမှာလည်း တကယ်ချစ်ခင်သူတစ်ယောက်က မကောင်းမှုကိုဖြစ်စေ၊ ကောင်းမှုကိုဖြစ်စေ ကျွန်ုပ်တစ်ယောက်တည်း ပြုလုပ်ဖို့ တိုက်တွန်း၍မရသော်လည်း တိုက်တွန်းသူကပါ ပြုလုပ်မည်ဆိုလျှင် ဘာမဆိုလိုက်၍ လုပ်ချင်တတ်၊ လုပ်မိတတ်ခြင်းပင်ဖြစ်လေသည်။ ဤမျှလောက် အဖော်ခင်မင်တတ်သူတစ်ယောက်အဖို့၌ တကယ့်လူယုတ်မာများနှင့် ခင်ခင်မင်မင်ဖြစ်ဖို့အခွင့်မရခဲ့ခြင်းမှာ ကျွန်ုပ်၏ကံကောင်းခြင်းတစ်ခုဟူ၍ ဆိုရပေမည်။

**ချစ်မှ ချစ်ပါလေစ**

ကျွန်ုပ်တို့နှစ်ယောက်သည် ရွှေကျီးမြင့်ဘုရားသို့ ရောက်ကြသောအခါ နော်မန်ကျောင်းမတက်သေးသဖြင့် ကျောင်းသူ၊ ကျောင်းသားများသည် ကျောင်းဝင်းကြီးအတွင်း ဤတစ်စု၊ ထိုတစ်စု ရှိနေကြလေရာ ရွှေကျီးမြင့်ဘုရားနှင့် နော်မန်ကျောင်းမှာ ကျောက်လမ်းမျှသာခြားလျက်ရှိသည်တွင် ကျွန်ုပ်တို့နှစ်ယောက်သည်ဘုရားအုတ်တံတိုင်းပေါ်သို့တက်ကာ ကျွန်ုပ်တို့၏ မိန်းကလေးများမြင်အောင် မျက်နှာပြလိုက်ကြ၏။ မိန်းကလေးများသည် ကျွန်ုပ်တို့လာကြမည်ဟူ၍ မသိကြသောကြောင့် မြင်ကြရသောအခါ အံ့သြကြပုံရသော်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည့် လက္ခဏာမရှိချေ။ ကျွန်ုပ်သည် ၎င်းတို့၏အမူအရာကို မကျေနပ်သည်နှင့် သူငယ်ချင်းအားပြောသောအခါ သူငယ်ချင်းက 'ငါ့လူရာ၊ သူတို့မှာလည်း ကျောင်းသူ၊ ကျောင်းသားတွေ ရှိတယ်ကွ၊ ဝမ်းသာအားရ မျက်နှာထားမျိုးပြလိုက်လို့ ရိပ်မိသွားရင် ရှက်စရာကြီး ဖြစ်နေမှာပေါ့' ဟု ပြောပြသဖြင့် ကျေနပ်လိုက်ရလေသည်။



**ဆက်လက်ဖော်ပြပါမည်။**


## နတ်မောက်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်လှစ်

**နတ်မောက် ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပညာရေးဌာန၏ကြီးကြပ်ဦးဆောင်မှုဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5 နှင့် အခြေခံပညာအလယ်တန်းအဆင့် Grade-9 အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို ဇန်နဝါရီလ ၁၈ ရက်တွင် နတ်မောက်မြို့ရှိ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)တို့၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ပညာရေးမှူးက တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများအား Grade-5 နှင့် Grade-9 စာမေးပွဲနမူနာမေးခွန်းနှင့် အမှတ်ပေးစည်းမျဉ်းဘာသာစုံပုံစံပါရှိမှု အကြောင်းအရာများကို ရှင်းလင်းခြင်းနှင့် သင်တန်းတွင်ပို့ချမည့် စာမေးပွဲနမူနာမေးခွန်းနှင့် နမူနာမေးခွန်းအမှတ်ပေးစည်းမျဉ်းစာအုပ်များကို တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများအားပေးအပ်သည်။

ယင်းသင်တန်းသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အခြေခံပညာမူလတန်းအဆင့် Grade-5 အတွက် ဆရာ၊ ဆရာမ ၂၈၆ ဦးနှင့် အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)၌ အခြေခံပညာအလယ်တန်းအဆင့် Grade-9 အတွက် ဆရာ၊ ဆရာမ ၁၃၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ဇန်နဝါရီလ ၁၈ ရက်မှ ၂၂ ရက်အထိဖြစ်ကြောင်း သိရသည်။



လှဝင်း

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေး တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး




နေပြည်တော် ဇန်နဝါရီ ၁၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည်ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(သန်လျင်)တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေနံချောင်းတက္ကသိုလ်ဘူမိဗေဒဌာနမှပါမောက္ခဌာနမှူးနှင့် ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ ဆရာ/ဆရာမများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ စွမ်းအင်ဆိုင်ရာအဖွဲ့အစည်း/ ကုမ္ပဏီများမှ ပညာရှင်များအား ယနေ့တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)၌တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း " 2025, the Year of Myanmar Energy " ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ကဏ္ဍ ခေတ်တစ်ခေတ်ဆန်းသစ်စေရေးဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်ဘူမိဗေဒပညာရှင်များ၊ ရေနံအင်ဂျင်နီယာများအပါအဝင် စက်မှု၊ ဓာတုအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် Stakeholder များမှ ဝိုင်းဝန်းပံ့ပိုးအားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက်ကျောင်းသား၊ ကျောင်းသူများအား Scholarship ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနပူးပေါင်း၍ ရေနံချောင်းတက္ကသိုလ်၌ ရေနံဘူမိဗေဒဘာသာရပ်ကို (၄)နှစ် ဘွဲ့သင်တန်းအဖြစ် ၂၀၂၅ ခုနှစ် ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့များရရှိပြီးချိန်တွင် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လိုပါက လက်ခံခန့်ထားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဘူမိဗေဒဘာသာရပ်၊ ရေနံအင်ဂျင်နီယာဘာသာရပ်၊ ဓာတုအင်ဂျင်နီယာဘာသာရပ်နှင့် စက်မှုအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်ကြားမှုအခြေအနေ၊ လိုအပ်ချက်များနှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း၊ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ဗဟုသုတများအပေါ်အခြေခံကာ ပိုမိုကောင်းမွန်သောသင်ကြားရေးစနစ်ဖြစ်စေရေး အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ရှိ စွမ်းအင်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းကျောင်းဖွင့်လှစ်ပြီးပါက တက္ကသိုလ်များမှ ဆရာ၊ ဆရာမများကို Training For Trainer အစီအစဉ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Stakeholder များပါဝင်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍတွင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးကြရန်တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME များ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာရှိ UK ကြက်သွန်ကြော်လုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ကြမ်းသေချာမှုရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောများဖြစ်အောင်ဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုထားကြောင်း၊ UK ကြက်သွန်ကြော်လုပ်ငန်းသည် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်အောင်ကြိုးစားကြစေလိုကြောင်း၊ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာစားသုံးနိုင်ရေးအတွက်လည်း ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်၍ လုပ်ငန်းရှင်များအား ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ ချေးငွေရရှိပြီးသော လုပ်ငန်းရှင်များအနေဖြင့် ရရှိသောချေးငွေများကို MSME များတွင်သာ မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံကြစေလိုကြောင်းပြောကြားပြီး လုပ်ငန်းရှင်များ၏တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ် ကူဖြူကျေးရွာရှိ တောင်သူဒေါ်မွန်မွန်ဌေး စိုက်ပျိုးထားသည့်ဖြစ်ထွန်းအောင်မြင်နေသော ကြက်သွန်နီ စိုက်ခင်းအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီလ ၁၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တောင်ဥက္ကလာပမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တောင်ဥက္ကလာပမြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဆုများဖြစ်သည့် လူရည်ချွန်ဆု၊ သချ်ာစွမ်းရည်ဆု၊ အင်္ဂလိပ်စာစွမ်းရည်ဆု၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာနှင့် ဘောလုံးပြိုင်ပွဲဆု၊ မက်ခရိုမာရသွန်ပြိုင်ပွဲဆုရရှိသူများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ရာ ဆုရကျောင်းသား၊ ကျောင်းသူများက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများက အက၊ အလှများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ တောင်ဥက္ကလာပမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# အကလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားမှု ရှိ၊ မရှိ အခြေအနေများကို ဇန်နဝါရီလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ အကလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားမှု ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါအကလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ နဝမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၃ ဦးအတွက် ငွေကျပ် ၅၃ ဒသမ ၁ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

# ကန့်ဘလူမြို့၌ အခြေခံပညာ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**ကန့်ဘလူ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုကော်မတီမှကြီးမှူး၍ အခြေခံပညာ အလယ်တန်းအဆင့်နှင့်မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကို ဇန်နဝါရီလ ၁၇ ရက်က ကန့်ဘလူမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။


ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာမူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများအား ဇန်နဝါရီလ ၁၈ ရက်တွင်ကျင်းပမည့် ဆုချီးမြှင့်ပွဲအခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၀˚C |
| ပြင်ဦးလွင် | ၂.၈˚C |
| နမ့်စန် (ရှမ်းပြည်တောင်ပိုင်း) | ၃.၁˚C |
| ဟဲဟိုး | ၃.၂˚C |
| လွိုင်လင် | ၄.၆˚C |
| ပင်လောင်း | ၄.၈˚C |
| တီးတိန် | ၅.၃˚C |
| ပူတာအို | ၆˚C |
| မိုင်းယန်း | ၆˚C |
| မြစ်ကြီးနား | ၇˚C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၆ | ၂၄ |
| ရှမ်း(မြောက်) | ၇ | ၂၅ |
| ရှမ်း(အရှေ့) | ၉ | ၂၇ |
| ရှမ်း(တောင်) | ၅ | ၂၆ |
| ချင်း | ၂ | ၂၁ |
| စစ်ကိုင်း(အထက်) | ၁၁ | ၂၈ |
| စစ်ကိုင်း(အောက်) | ၁၄ | ၃၁ |
| နေပြည်တော် | ၁၄ | ၃၀ |
| မန္တလေး | ၁၅ | ၃၁ |
| မကွေး | ၁၃ | ၃၂ |
| ရခိုင် | ၁၃ | ၃၀ |
| ပဲခူး | ၁၃ | ၃၂ |
| ရန်ကုန် | ၁၃ | ၃၃ |
| ဧရာဝတီ | ၁၅ | ၃၃ |
| ကယား | ၈ | ၂၆ |
| ကရင် | ၁၈ | ၃၂ |
| မွန် | ၁၈ | ၃၀ |
| တနင်္သာရီ | ၁၉ | ၃၃ |

# ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာအသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၁၈**

ကျောင်းသား၊ ကျောင်းသူများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ၎င်းတို့သိရှိထားသည့် အသိပညာဗဟုသုတများကို လက်တွေ့နယ်ပယ်တွင် ထိရောက်အကျိုးရှိစွာအသုံးချပြီး မိမိနှင့်မိမိပတ်ဝန်းကျင်ရှိ လူအများ၏ အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်းပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၁၇ ရက်က တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းတာဝန်ခံဆရာမ ဒေါ်ခင်အေးနွယ်က လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်များဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် စာပေ ခေါင်းစဉ်များဖြင့်လည်းကောင်း အသီးသီး အသိပညာပေးဟောပြောကြရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ခန်းမအတွင်း ပြသထားသော လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားသို့ တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့မှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းတာဝန်ခံဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# မုဒုံမြို့၌ ရော်ဘာအရည်အသွေး တိုးတက်လာရေးအတွက် တွေ့ဆုံဆွေးနွေး



**မုဒုံ ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ရော်ဘာအရည်အသွေး တိုးတက်လာရေးအတွက် မုဒုံမြို့နယ်ရှိ MSR စက်ရုံများနှင့် ရော်ဘာကုန်ကြမ်း အဝယ်ဒိုင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် ရွှေဟင်္သာခန်းမ၌ ပြုလုပ်ကြောင်းသိရသည်။

တွေ့ဆုံပွဲတွင် မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည်သိမ်းက အမှာစကား ပြောကြားပြီး မြန်မာ့ရော်ဘာအရည်အသွေးတိုးတက်စေရန် မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းကျော်၊ မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးမင်းကျန်ရစ်၊ MSR ရော်ဘာစက်ရုံများမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိရော်ဘာ အဝယ်ဒိုင်များ၊ ရော်ဘာစိုက်တောင်သူများက အသီးသီးပါဝင်ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများအား လက်ကမ်းစာစောင်နှင့် ဗီနိုင်းများ ဖြန့်ဝေပေးကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ဘုတလင်မြို့နယ်၌ ဆောင်းသီးနှံ ပဲကြီး ၄၂၇၈ ဧက၊ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ ၂၆၅၈ ဧက စိုက်ပျိုးပြီးစီး

**ဘုတလင် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲကြီးဧက ၄၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယမန်နှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၄၂၇၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ အလားတူ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ ၂၆၅၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်ဘုတလင်မြို့နယ်မှာ ပဲကြီးဧက ၄၃၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ၄၂၇၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးပါတယ်”ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောသည်။

ဘုတလင်မြို့နယ်၌ ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင့်ဆေးအသုံးပြုရေး စသောစိုက်ပျိုးရေးဆိုင်ရာများကို အသိပညာပေးလျက်ရှိသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း၊ စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ် မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။ **(၄၀၉)**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## ချစ်စရာမြို့ကလေး

* နေခြည်ဖြာ လအနမ်းမှာတဲ့
ရေသီတာ မြစမ်းတွေနဲ့
ရွှေပြည်သာ အလှဆန်းပါဘိ
ပန်းစုံပွင့် တဝေဝေ။

* “ လမ်းတံတားဆို တစ်ဆင့်ပြီးတစ်ဆင့်”
“ပန်းများလို တစ်ပွင့်ပြီးတစ်ပွင့်”
ထူးတင့်စံမီတဲ့
မြန်ရွှေပြည် တစ်ခေတ်ဆန်းချိန်မို့
ချစ်ပန်းပွင့်နေ။

* “လာချင်ရင် အနီးလေး”
“မလာချင်ရင် ခရီးဝေး”
မငြီးမလေးစရာ စက်မှုအစွမ်းတွေနဲ့
ရှုစမ်းလှည့် ဖိတ်ခေါ်နေ
သာပေတဲ့ သည်မြို့။

* ကဗျာအနုရယ်နဲ့
စာမှုမှာ အရာဝင်လို့
စာပေအမြင် အသွင်တင့်လေတော့
ဌာနေတစ်ခွင် အယဉ်ဆင့်သည်ပေါ့
ပင်မြင့်စံ ဝေလွင်တဲ့
ရွှေသဇင် တစ်မျိုးလှသလိုပ
မရိုးရအောင် တသင်းသင်းမွှေးလေတဲ့
ပန်းကလေးခရေ အလှမည့်ပြုံးပါဘူး
ချစ်နိုးသူ အတူလာလို့
အတူသာ ကဗျာဖွဲ့ကြမယ်
ချစ်တဲ့ ဆွေတို့။ ။

**မြင်းမူမောင်နိုင်မိုး**


# ဆိပ်ဖြူမြို့နယ်၌ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ဖြစ်ထွန်း

**ဆိပ်ဖြူ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဒေသခံပြည်သူများက ကုန်းစိုက်ခင်းနှင့် ကိုင်းစိုက်ပျိုးမြေများတွင် ကျွန်းခရမ်းချဉ်မျိုးများနှင့် ထိုင်ဝမ်ခရမ်းချဉ်မျိုးများကို တစ်နိုင်တစ်ပိုင် တွဲဖက်စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ခရမ်းချဉ်စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်း၍ ဈေးကွက်အတွင်း ဈေးကောင်းရရှိကြောင်း သိရသည်။

ထို့နောက် ထိုင်ဝမ်ခရမ်းချဉ်ကို မြေပြင်ပေါ်တင် တိုင်ထောင်စနစ်ဖြင့် အများဆုံးစိုက်ပျိုးဆောင်ရွက်ရကြောင်း၊ ပျိုးထောင်ပြီးတစ်လ၊ စိုက်ပျိုးဆောင်ရွက်ပြီး တစ်လခွဲအချိန်တွင် ပြုပြင်ထားသည့် မြေပေါ်တို့၌ ရေသွင်းစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ရာ မြေချစိုက်ပျိုးပြီး ၄၅ ရက်ခန့်အကြာ အသီးစသီး၍ ရက် ၉၀ ခန့်တွင် စတင်ခူးဆွတ်ကာ ဈေးကွက်စတင်ရောင်းချကြောင်း၊ ခရမ်းချဉ်သီးဈေးကွက်က ယခင်နှစ်ထက်ပိုမိုရရှိကာ ခရမ်းချဉ်စိုက်ပျိုးမှုမှ နေ့စဉ်မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

**ကိုဇွဲ(အညာမြေ)**



# ပန်းနာရင်ကျပ်ဖြစ်စေသည့်အကြောင်းရင်းနှင့် သက်သာစေမည့်နည်းလမ်းများ

ပန်းနာရင်ကျပ်ဆိုတာ ခံတတ်မတည့်မှုကြောင့် အသက်ရှူလမ်းကြောင်း ရောင်ရမ်းမှု နာတာရှည်ဖြစ်နေတာကို ခေါ်တယ်။ ကလေးတွေရဲ့ ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိ ပန်းနာရင်ကျပ်ရောဂါကို ခံစားနေကြရတယ်။ ပန်းနာရင်ကျပ်ရောဂါရှိသူတွေက ဖြစ်နေတဲ့ရောဂါရဲ့ အတိမ်အနက်နဲ့ အသက်ရှူလမ်းကြောင်း ပိတ်ဆို့မှု ဘာကြောင့်ဖြစ်ရလဲဆိုတဲ့ အကြောင်းရင်းကိုရှာဖွေဖို့ သူတို့ရဲ့အဆုတ် အလုပ်လုပ်နေပုံကို စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။

ရင်ကျပ်နေပြီဆိုရင် ဘေးနားမှာ စတီးရွိုက်ရှူဆေး (Steroid Inhalation) ဒါမှမဟုတ် ဗင်တိုလင်ရှူဆေး (Ventolin Inhaler) ရှူခိုင်းပြီး သက်သာရင် နားနားနေနေနေခိုင်းတာ ဒါမှမဟုတ် မိသားစုဆရာဝန်ထံသွားရောက်ပြီး စစ်ဆေးတာတွေပြုလုပ်ရမှာဖြစ်ပါတယ်။ ရင်ကျပ်နေပြီဆိုရင် ဆေးရုံကိုအမြန်ခေါ်သွားပြီး လိုအပ်တဲ့ကုသမှုတွေ ချက်ချင်းပေးနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ရင်ကျပ်တာရဲ့နောက်ဆက်တွဲက အသက်အန္တရာယ်ထိခိုက်နိုင်ပါတယ်။

ပန်းနာရင်ကျပ်ဖြစ်ရတဲ့အကြောင်းရင်းတွေထဲမှာ အသက်ရှူလမ်းကြောင်းကို ကျဉ်းသွားအောင် လှုံ့ဆော်တဲ့အာရုံခံနိုင်စွမ်း(Bronchial Hyperresponsiveness) ပြင်ပက လှုံ့ဆော်မှုတစ်ခုကြောင့် အသက်ရှူလမ်းကြောင်းကကြွက်သားတွေ အလိုလိုကျဉ်းခြင်းလိုမျိုး အကြောင်းရင်းတွေ ပါဝင်ပါတယ်။ ရင်ကျပ်တာက အသက်ရှူလမ်းကြောင်းထဲမှာရှိတဲ့ နူးညံ့တဲ့ကြွက်သားတွေ ပြတ်တောင်းပြတ်တောင်းဖြစ်ပြီး ကျုံ့စေတဲ့အတွက် ဝေဒနာခံစားနေရသူက တစ်ခါတလေ ရင်ကျပ်နေမှန်း၊ အသက်ရှူမဝဖြစ်နေမှန်းတောင် မသိနိုင်ဘဲ သာမန်လူတွေလိုပဲ နေ့စဉ်လုပ်ငန်းဆောင်တာတွေကို လုပ်နိုင်နေပါတယ်။ ဒီလိုလက္ခဏာမပြသူတွေမှာ ရင်ကျပ်ရောဂါရှိ၊ မရှိ ဆရာဝန်တွေတောင် မစမ်းသပ်ဘဲ တပ်အပ်မပြောနိုင်ပါဘူး။ ဒါကြောင့် ရောဂါအခြေအနေမှန်ကိုသိနိုင်ဖို့ လူနာရဲ့ရောဂါရာဇဝင်ကိုဆန်းစစ်ဖို့နဲ့ လူနာကို သေသေချာချာစစ်ဆေးဖို့လိုပါတယ်။

ပန်းနာရင်ကျပ်ဖြစ်ရတဲ့ အကြောင်းရင်းတွေမှာ မိဘ၊ မောင်နှမစတဲ့မျိုးရိုးမှာ ရင်ကျပ်ရောဂါရှိတာမျိုးဆိုရင် ရောဂါဖြစ်နိုင်ခြေများပါတယ်။ အိမ်မှာ ဖုန်ထူတာ၊ ခွေး၊ ကြောင်တွေရဲ့ အမွေးတွေ၊ ဆေးလိပ်ငွေ့ရှူမိတာ စတဲ့ ကိုယ့်ပတ်ဝန်းကျင်ကြောင့်လည်း ရင်ကျပ်တတ်ပါတယ်။

ရင်ကျပ်လက္ခဏာတွေက ချောင်းခြောက်မကြာခဏဆိုးပြီး သလိပ်ဖြူဖြူတွေ ဟက်ထုတ်တာဖြစ်တတ်ပါတယ်။

> **"ရင်ကျပ်နေပြီဆိုရင် ဘေးနားမှာ စတီးရွိုက်ရှူဆေး (Steroid Inhalation) ဒါမှမဟုတ် ဗင်တိုလင်ရှူဆေး (Ventolin Inhaler) ရှူခိုင်းပြီး သက်သာရင် နားနားနေနေနေခိုင်းတာ ဒါမှမဟုတ် မိသားစုဆရာဝန်ထံသွားရောက်ပြီး စစ်ဆေးတာတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။ ရင်ကျပ်နေပြီဆိုရင် ဆေးရုံကိုအမြန်ခေါ်သွားပြီး လိုအပ်တဲ့ကုသမှုတွေ ချက်ချင်းပေးနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ရင်ကျပ်တာရဲ့နောက်ဆက်တွဲက အသက်အန္တရာယ်ထိခိုက်နိုင် . . ."**

ကျပ်နေတဲ့အချိန်မှာ အသက်ရှူသံ တရှဲရှဲကိုကြားနေရပါတယ်။ ရင်ထဲမှာတင်းကျပ်နေတတ်ပါတယ်။ အသက်ရှူလို့မရတာ၊ အသက်ရှူရခက်ခဲတာနဲ့ အသက်ကို အငမ်းမရရှူနေရတာတို့ ဖြစ်တတ်ပါတယ်။ ရင်ကျပ်လက္ခဏာတွေက ညပိုင်းနဲ့ နံနက်အစောပိုင်းတွေမှာ အဖြစ်များတတ်ပါတယ်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ခံရတဲ့အခါမျိုးမှာလည်း ဖြစ်တတ်ပါတယ်။

ကလေးတွေမှာအဖြစ်များပြီး နာတာရှည်ရောဂါတစ်မျိုးဖြစ်တဲ့ ပန်းနာရင်ကျပ်က လေပြွန်အမြှေးပါးရောင်ရမ်းပြီး အသက်ရှူလမ်းကြောင်းကျဉ်းမြောင်းလာကာ အသက်ရှူရခက်ခဲလာရင်ဖြစ်ပေါ်တတ်ပါတယ်။ ပန်းဝတ်မှုန် ဒါမှမဟုတ် ဖုန်မှုန့်၊ ဆေးလိပ်ငွေ့၊ လေထုညစ်ညမ်းမှု၊ လေအေးလိုမျိုးခံတတ်မတည့်ပစ္စည်း(Allergens)တွေကြောင့် ဝေဒနာကို ခံစားရအောင် လှုံ့ဆော်နိုင်ပါတယ်။

ပန်းနာရင်ကျပ် ရောဂါရှိသူတွေက အသက်ရှူလမ်းကြောင်းအတွင်း ကျပ်တည်းမှုနဲ့ ရောင်ရမ်းတာသက်သာအောင် ပန်းနာရှူဆေး ဒါမှမဟုတ် ရောင်ရမ်းမှုပျောက်ဆေးလိုမျိုး ဆေးဝါးကုသမှုတွေကိုသာ အားထားကြရပါတယ်။ နေ့စဉ်နေ့တိုင်း လွယ်လွယ်ကူကူအသက်ရှူနိုင်ဖို့ အောက်ပါသဘာဝနည်းတွေပြုလုပ်နိုင်ပါတယ်။

–ငါးအဆီ၊ ငါးသေတ္တာငါး၊ တူနာငါးနဲ့ ငါးကွမ်းရှပ်လိုမျိုး တချို့ငါးတွေမှာတွေ့ရတတ်တဲ့ Omega–3 Fatty Acid က ရောင်ရမ်းမှုလျော့ကျနိုင်တဲ့ ခံတတ်မတည့်ပစ္စည်းတုံ့ပြန်မှုကို လျှော့ချပေးနိုင်ပါတယ်။ တစ်ပတ်ကို ငါးဟင်းနှစ်ကြိမ်ပါဝင်အောင်စားပေးသင့်ပါတယ်။ ဒါမှမဟုတ် ငါးကြီးဆီအားဖြည့်ဆေး မှီဝဲသင့်ပါတယ်။

–ဖလေဗိုနွိုက် (Flavonoid) ကို တချို့သစ်သီးဝလံနဲ့ဟင်းသီးဟင်းရွက်တွေမှာ တွေ့ရှိနိုင်ပါတယ်၊ ဖလေဗိုနွိုက်က ခံတတ်မတည့်မှုကို တွန်းလှန်နိုင်တာကြောင့် သွေးကြောနံရံတွေ သန်မာစေပြီး ရောင်ရမ်းမှုကိုတိုက်ထုတ်နိုင်ပါတယ်။ ပန်းသီး၊ ခရမ်းချဉ်သီး၊ နို့၊ ပဲအပါအဝင် ဖလေဗိုနွိုက်ပေါကြွယ်ဝစွာပါဝင်တဲ့အစားအစာတွေကို တစ်နေ့နှစ်ကြိမ် စားသုံးပေးသင့်ပါတယ်။

–မဂ္ဂနီစီယမ်က အသက်ရှူလမ်းကြောင်း အပေါ်ပိုင်းမှ ကြွက်သားတင်းမာမှုကို ဖြေလျှော့ပေးပါတယ်။ မဂ္ဂနီစီယမ်က အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်၊ အခွံမာသီးနဲ့ ပဲအမျိုးမျိုးမှာ ကြွယ်ဝစွာပါဝင်ပါတယ်။ အားဖြည့်ဆေးအနေနဲ့လည်း မှီဝဲနိုင်ပါတယ်။

–ပူနွေးတဲ့အရည်သောက်သင့်ပါတယ်။ လေပြွန်ထဲမှာရှိတဲ့ အချွဲတွေကြောင့် ရင်ကျပ်နေရင် ချွဲပျော်ဝင်အောင် ရေနွေး ဒါမှမဟုတ် ပူနွေးတဲ့ဖျော်ရည်၊ စွပ်ပြုတ်ပူပူသောက်သင့်ပါတယ်။

– စွတ်စိုတဲ့လေကို ရှူသင့်ပါတယ်။ စွတ်စိုတဲ့လေ ဒါမှမဟုတ် ရေနွေးငွေ့ကို ရှူသွင်းတာက ပူနွေးတဲ့ဖျော်ရည်သောက်သလိုမျိုး အကျိုးသက်ရောက်မှုရရှိနိုင်ပါတယ်။ လေပြွန်ထဲက ချွဲတွေပျော်ဝင်ပြီး အသက်ရှူရလွယ်ကူနိုင်ပါတယ် ။ ရေနွေးနဲ့ရေစိမ်ချိုးတာ ဒါမှမဟုတ် အခန်းထဲမှာ ရေငွေ့ပြန်စက်ထားတာမျိုး ပြုလုပ်သင့်ပါတယ်။

– သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်များများစားသင့်ပါတယ်။ ၂၀၂၂ ခုနှစ်က ပြုလုပ်တဲ့သုတေသနအရ ဗီတာမင် C က သူ့မှာပါဝင်တဲ့ များစွာသော ခံတတ်တိုးဆန့်ကျင်ပစ္စည်းတွေကြောင့် နာတာရှည်လေပြွန်ပိတ်ရောဂါရှိသူတွေရဲ့ အသက်ရှူလမ်းကြောင်းစနစ်ကို အကာအကွယ်ပေးနိုင်ပါတယ်။ ဟင်းနုနယ်၊ ဘရိုကိုလီ၊ ခရမ်းချဉ်သီး၊ ငရုတ်ပွ၊ လိမ္မော်သီးတွေမှာ ဗီတာမင် C ကြွယ်ဝစွာပါဝင်ပါတယ်။ ဗီတာမင် A ၊ D၊ E ပေါကြွယ်ဝစွာပါဝင်တဲ့ အစားအစာတွေက အသက်ရှူလမ်းကြောင်းစနစ် ကျန်းမာရေးကိုကောင်းမွန်စေနိုင်ပါတယ်။

–ဆယ်လ်မွန်ငါးလို အဆီများတဲ့ပင်လယ်ငါး၊ နို့နဲ့နို့ထွက်ပစ္စည်း၊ ဥအမျိုးမျိုးနဲ့ကမာတွေမှာ ဗီတာမင် A များစွာပါဝင်ပါတယ်။ နို့နဲ့နို့ထွက်ပစ္စည်း၊ အနီရောင်အသား၊ အဆီများတဲ့ငါး၊ ကြက်ဥအနှစ်နဲ့ မှိုမှာ ဗီတာမင် D များစွာပါဝင်ပါတယ်။

– နေကြာစေ့၊ ဗာဒံစေ့၊ ဟင်းနုနယ်နဲ့ မြေပဲတွေမှာ ဗီတာမင် E များစွာပါဝင်ပါတယ်။ ချင်းမှာ ရောင်ရမ်းမှုပျောက်စေတဲ့ ဂုဏ်သတ္တိ၊ ဗက်တီးရီးယားနဲ့ဗိုင်းရပ်စ်တွေကိုတိုက်ထုတ်နိုင်တဲ့ ဂုဏ်သတ္တိတွေ ရှိတဲ့အတွက် ချင်းကို ရေနွေးပူပူနဲ့ဖျော်ရည်ပြုလုပ်ပြီး သောက်သုံးနိုင်ပါတယ်။

– ဆေးလိပ်ငွေ့ ရှောင်သင့်ပါတယ်။ ဆေးလိပ်သောက်တာကြောင့် လေပြွန်တွေကိုလှုံ့ဆော်နိုင်တဲ့အပြင် နာတာရှည်လေပြွန်ပိတ်ရောဂါ ရှိသူတွေကိုလည်း ရင်ကျပ်စေနိုင်ပါတယ်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရသူတွေလည်း ဆေးလိပ်သောက်သလိုမျိုး သက်ရောက်မှုရှိနိုင်ပါတယ်။

– ငရုတ်ကောင်း စားသင့်ပါတယ်။ ဆားအစား ငရုတ်ကောင်းမှုန့်ထည့်စားတာက အနံ့အရသာပိုပြည့်စုံစေပါတယ်။

–အသားခြောက်၊ ငါးခြောက်မစားသင့်ပါဘူး။ ဝက်သားခြောက်၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း၊ ငါးခြောက် စတာတွေမှာ အသားထဲကအရည်တွေ ထွက်သွားဖို့နဲ့ တာရှည်ခံဖို့ ဆားများများအသုံးပြုထားလို့မတည့်ပါဘူး။

– ဆားမပါဝင်တဲ့ ဟင်းသီးဟင်းရွက်စည်သွတ်ဘူး၊ ပဲဘူးတွေကိုရွေးချယ်သင့်ပါတယ်။ စည်သွတ်ဘူးဝယ်ရာမှာ ဆားမထည့်ထားတဲ့ထုတ်ကုန်တွေကို ရွေးချယ်သင့်ပါတယ်။

–ဆားမပါဝင်တဲ့ အပြင်အဆင်ပြုလုပ်သင့်ပါတယ်။ သံလွင်ဆီ ၂၀၀ မီလီမီတာ၊ ရှလကာရည် ၈၀ မီလီမီတာ၊ ငရုတ်ကောင်း လက်တစ်အိတ်စာနဲ့ ကြက်သွန်ဖြူနှစ်မွှာကို ကြိတ်စက်နဲ့ရောသမမွှေ၊ ခွက်တစ်ခုထဲထည့်ပြီး ရေခဲသေတ္တာထဲမှာ တစ်လခန့်ထည့်ထားပေးပါ။ စားခါနီး တစ်နာရီအလိုမှာ ရေခဲသေတ္တာထဲကနေထုတ်ပြီး အပြင်မှာ ထားသင့်ပါတယ်။ အစားအစာတွေဆင်ခြင်ရင်း တစ်ဖက်ကလည်း ဗင်တိုလင်ရှူဆေး၊ အမောက်ဆလင် (Amoxcillin 500 Mg) နှစ်မျိုးကို နံနက်၊ ညနှစ်ကြိမ် (၅–၇) ရက် သောက်သင့်ပါတယ်။ ရင်ကျပ်ရှူဆေး (Steroid or Ventolin)၊ သောက်ဆေးတို့ကိုလည်း ဆောင်ထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ဒေါက်တာလွင်သန့်**

---

# ကျောက်ဆည်တက္ကသိုလ်၌ (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

စဉ့်ကိုင် ဇန်နဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တောမကျေးရွာအနီးရှိ ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်၏ (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီလ ၁၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ဆိုင်းဝိုင်းတူရိယာအဖွဲ့က အမျိုးသားသီချင်းတီးမှုတ်၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ဆက်လက်၍ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာရီရီဦးက ပညာရေးအဖွဲ့မှ ထောက်ခံချက်ပေးပြီးသောဘွဲ့များကိုအပ်နှင်းလိုက်သောအခါ နေ့စဉ်နေ့တိုင်းနေထိုင်ပြောဆိုမှုများ၌ တက္ကသိုလ်ကျောင်းထွက်များနှင့် သင့်လျော်ထိုက်တန်စွာ ပြုမူပြောဆိုခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် မွန်မြတ်သောပညာရှာမှီးမှုကို အခွင့်အရေး အစွမ်းသတ္တိရှိသမျှ ထိန်းသိမ်းဆောင်ရွက်ရန်၊ လူနှင့်လူ့အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းသာယာဝပြောရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းသတ္တိရှိသမျှ ဆောင်ရွက်ထိန်းသိမ်းစောင့်ရှောက်ပါမည်လောဟူသည့် ကတိများ မေးမြန်းရာ ဘွဲ့ရမောင်မယ်များက ကတိသစ္စာပြုကြသည်။

ထို့နောက် ဘွဲ့နှင်းသဘင်ကို ဆက်လက်ကျင်းပရာ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာရီရီဦးက ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိက၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ ဘာသာရပ်ဆိုင်ရာ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ သိပ္ပံဂုဏ်ထူး၊ မဟာသိပ္ပံဘွဲ့ ရရှိသူ ၉၈၆ ဦးနှင့် အဝေးရောက် ဘွဲ့ရရှိသူ၊ အဝေးရောက်ဘွဲ့ယူသူ ၂၃ ဦးတို့အား ဘွဲ့များ အသီးသီးပေးအပ်ကြောင်း သိရသည်။



**ကျော်စွာ(စဉ့်ကိုင်)**

# အခြေခံပညာမူလတန်းကျောင်း(တံတောင်ကွေ့)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ဇလွန် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အခြေခံပညာမူလတန်းကျောင်း (တံတောင်ကွေ့)ဝင်းအတွင်း ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇန်နဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ဇလွန်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ အခြေခံပညာမူလတန်းကျောင်း ( တံတောင်ကွေ့) ဝင်းအတွင်းရှိ မြက်ပင်များကို မြက်ရိတ်စက်ဖြင့် ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ပလတ်စတစ်အိတ်များကောက်ခြင်း၊ ရှင်းလင်းပြီးအမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ပေးကြကြောင်းသိရသည်။

**ဝေယံ**

# စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျွန်းကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူလေးများအား စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်များပြသခြင်းတို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဇန်နဝါရီလ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူလေးများက စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးဟောပြောခြင်းတို့ကိုဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူလေးများ လေ့လာသိရှိနိုင်စေရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အသိပညာပေးနံရံကပ်စာစောင်တို့ကို ပြသပေးရာ ကျောင်းသား၊ ကျောင်းသူလေးများ စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုသည်။

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျွန်းကုန်းကြီးကျောင်း၌ ဆရာ၊ ဆရာမများက ဖေဖော်ဝါရီလပထမပတ်မှစတင်၍ ကျောင်းသား၊ကျောင်းသူလေးများ စကားပြောဆိုရာတွင် ကျွမ်းကျင်လိမ္မာစွာပြောတတ်စေရန် လူငယ်အချင်းချင်း အသိပညာ၊ အတတ်ပညာများ ဖလှယ်တတ်စေရန်အတွက် လူငယ်စကားဝိုင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

# တောင်တွင်းကြီးမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ



**တောင်တွင်းကြီး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဇန်နဝါရီလ ၁၇ ရက်မွန်းလွဲပိုင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲကိုကျင်းပရာ မြို့မအခြေခံပညာအလယ်တန်းကျောင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူခုနှစ်ဦးက မိမိတို့ကြိုက်နှစ်သက်ရာကဗျာခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ဆုရရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၂၅ (တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၅ မေတ္တာပို့
၃။ ၀၇:၂၅ ဓမ္မပူဇာတေး
၄။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၅။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၆။ ၁၀:၀၀ စာပေနှင့်အနုပညာသတင်း
၇။ ၁၁:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၈။ ၁၂:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၉။ ၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး

## မေတ္တာစိတ်ထား အစဉ်မြင့်မားစေ

* မေတ္တာအကျိုး၊ ဆယ့်တစ်မျိုးကား
အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်
နှစ်သက်နတ်လူ၊ စောင့်ရှောက်ကူကာ
မပူဆိပ်မီး၊ တည်ကြည်ပြီးစိတ်
အရိပ်ရုပ်သွင်၊ ဆင်းကြည်လင်စေ
တွေဝေကင်းစွာ၊ သေရပါသည်
ဗြဟ္မာ့ပြည်သွား အကျိုးများ၏ ။

* မေတ္တာအကျိုး၊ လွန်မြတ်နိုးဖွယ်
ဆပိုးတွယ်ရစ်၊ ရင်နှစ်အသည်း
တစ်ဦးတည်းသား၊ မိခင်ထားသည့်
မေတ္တာ၏အား၊ နှိုင်းဖွယ်ရှားသို့
များသတ္တဝါ၊ ဝေနေယျတွေ
မေတ္တာရေချမ်း ပက်ဖျန်းစို့ ။

* မေတ္တာပို့မှ၊ မေတ္တာရသည်
ပီပီသသ၊ ကြည်မြအပြုံး
နှလုံးစိတ်ဝမ်း၊ ငြိမ်းချမ်းစရာ
သူသူငါတို့၊ ခါခါပို့သ
နေ့ညမပြတ်၊ အထပ်ထပ်ပင်
မေတ္တာယှဉ်တွဲ မြဲသက်ဝင် ။

* မေတ္တာပြည့်ဝ၊ နှလုံးလှလျှင်
အဖအမိ၊ ကိုယ်၏ဆွေသား
လူအများကို၊ မောင်ဖွားနှမ
ချစ်ကြည်မျှသို့၊ မချို့တူညီ
ဆိုမြည်ရယ်မော၊ စိတ်သဘောမျှ
နှုတ်ပြောလက်ချို ချစ်စွာဆို၏ ။

* ထိုမှတစ်ဆင့်၊ လှမ်းတက်လင့်ကာ
မေတ္တာစိတ်ထား၊ ရင်မှာပွားပြီး
တစ်သားတည်းပင်၊ ကြင်ကြင်နာနာ
စာနာထောက်ထား၊ ညှာသနားစိတ်
ယိုဖိတ်ရင်တွင်း၊ စိတ်ရင်းအမှန်
ကာယကံမြောက် ထွန်းပေါ်ပေါက်၏ ။

* ဩော်...
မေတ္တာနှလုံး၊ ရွှင်ပြုံးဝမ်းမြောက်
စွမ်းသက်ရောက်လျှင်၊ မပင်မပန်း
ဖြောင့်တန်း ပြီးမြောက်၊ ခရီးရောက်ကြ
ဘဝထိုထို၊ မေတ္တာပိုဘိ
အမိနဲ့သား ၊ ရေနဲ့ငါးလို
အကြားမထင်၊ တစ်သားတည်းပင် ။
ငြိမ်းငြိမ်းချမ်းချမ်း လန်းဆန်းရွှင် ။ ။

**အကျော်ပင်**

# ပုသိမ်မြို့နယ်မှထွက်ရှိသော မျှင်ငါးပိများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ပုသိမ် ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှထွက်ရှိသော မျှင်ငါးပိများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်မှ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဌေးဝင်း၏ပြောဆိုချက်အရ သိရသည်။

အဆိုပါဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇန်နဝါရီလ ပထမပတ်မှ လက်ရှိအချိန်ထိ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်မှဝယ်လိုအားကောင်းမွန်လာကြောင်း သိရသည်။

"ပုသိမ်ဒေသထွက် မျှင်ငါးပိတွေက လူအများကြိုက်နှစ်သက်ပါတယ်။ သန့်ရှင်းပြီး အရသာလည်းရှိတာကြောင့်ရန်ကုန်ဈေးကွက်က ဝယ်လက်တွေက ချိတ်ဆက်မှာယူတာများပါတယ်။ ဒေသထွက် မျှင်ငါးပိကိုတော့ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ဒေသထွက်မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်ကနေ နေ့စဉ် တစ်ရက်ကို ပိဿာ ၂၀၀ လောက်မှာယူနေတာရှိတယ်။ ဒါပေမဲ့ ပိဿာ ၁၂၀ လောက် ပဲတင်ပို့နိုင်ပါတယ်" ဟု ဒေါ်ဌေးဝင်း ကပြောသည်။

ပုသိမ်မြို့နယ်၌ ရွှေသောင်ယံ၊ ချောင်းသာ၊ ငွေဆောင်၊ ပုသိမ် စသည့်ဒေသများရှိရေလုပ်သားများထံမှ မျှင်ကောင်များကို ငါးပိ၊ ငါးခြောက်ထုတ်လုပ်သည့် လုပ်ငန်းလုပ်ကိုင်သူများက ဝယ်ယူပြီး မျှင်ငါးပိထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း၊ အဆိုပါ မျှင်ငါးပိထုတ်လုပ်ရောင်းချသည့် လုပ်ငန်းသည် ဒေသထုတ်ကုန်စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# မောက်မယ်မြို့နယ်၌ မောက်မယ် - ရွာသစ် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး



မောက်မယ် ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ပြည်နယ် (မူလ)ခွင့်ပြုငွေဖြင့် စဥ့်ဝင်ကျေးရွာအုပ်စု မောက်မယ်-ရွာသစ် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဆွေဆွေနွယ်နှင့် မောက်မယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာတို့သည် မောက်မယ်-ရွာသစ် ကျေးရွာချင်းဆက်လမ်း အရှည် ၅ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထု ၁၄ လက်မရှိ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် တာဝန်ရှိသူများကလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန်မှာကြားသည်။

အဆိုပါ လုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်နယ်(မူလ) ခွင့်ပြုငွေ ငွေကျပ် ၁၄၀ ဒသမ ၈၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ခရမ်းချယ်ရီကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# သုံးခွမြို့နယ် အနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၁၇ ရက်က သုံးခွမြို့နယ် အနောက်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းနုဝေက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အနောက်ကျေးရွာရှိ အသင်းသား၊ အသင်းသူ ၂၀၁ ဦးအား စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရန်ပုံငွေ ငွေကျပ်သိန်း ၄၁၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# ပေါင်မြို့နယ်၌ လူငယ်များ စာဖတ်စွမ်းရည်တိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ပေါင် ဇန်နဝါရီ ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၇ ရက်က ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဆင်ဖြူရုပ်)၌ ကျင်းပသည်။

ရှေးဦးစွာ ပေါင်မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာငှက်တောင်ပျံ(ဇင်းကျိုက်)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွက်လာစေရေး၊ ကျောင်းသားလူငယ်များ စာဖတ်စွမ်းရည်များ တိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်တတ်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း (ဆင်ဖြူရုပ်) Grade – 10 မှ မောင်တောက်ထွန်းအောင်က လူငယ်နှင့်နည်းပညာ၊ Grade – 10 မှ မောင်တွယ်တာဦးက လူငယ်နှင့်ပညာရေး၊ Grade – 10 မှ မနဒီစိုးက လူငယ်နှင့်ကိုယ်ကျင့်တရား၊ Grade –10 မှ မဇင်မာဝင်းက လူငယ်နှင့် စည်းကမ်း၊ Grade – 11 မှ မနှင်းနုထွေးက လူငယ်နှင့် အားကစားခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများပေါ် အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြန်လည်ဖြေကြားပေးပြီး အခြေခံပညာအထက်တန်းကျောင်း(ဆင်ဖြူရုပ်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းသီတာလွင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# မိတ်ဆွေကောင်းဟူသည်

## နိပါတ်တော်လာ သိမှတ်စရာ

သန့်သူရ

တစ်ခါတုန်းက မဂဓတိုင်း ရာဇဂြိုဟ်ပြည်မှာ မဂဓ မင်းကြီး စိုးစံအုပ်ချုပ်တော်မူပါတယ်။ အဲဒီရာဇဂြိုဟ် ပြည်ကြီးမှာ ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာတဲ့ "သင်္ခ"အမည်ရှိသူဌေးကြီးတစ်ဦးရှိပါတယ်။ ရာဇဂြိုဟ် ပြည်ရဲ့ အခြားတစ်ဖက် ဗာရာဏသီပြည်မှာလည်း "ပီဠိယ"လို့အမည်ရတဲ့ ကုဋေရှစ်ဆယ်သူဌေးကြီး တစ်ဦးရှိပါတယ်။ သင်္ခနဲ့ ပီဠိယတို့ဟာ အလွန်ခင်မင် ကြတဲ့ မိတ်ဆွေတွေဖြစ်ကြတယ်။ တိုင်းပြည်ရဲ့ မျက်နှာဖုံးသူဌေးကြီးတွေဖြစ်ကြတော့လည်း သူဌေး အချင်းချင်း ပိုချစ်ခင်ရင်းနှီးကြတာပေါ့။

တစ်နေ့တော့ ပီဠိယသူဌေးကြီးအိမ်မှာ မီးဘေး သင့်ပြီး ဥစ္စာပစ္စည်းတွေ အကုန်ဆုံးရှုံးသွားပါတယ်။ အဲဒီအခါ ပီဠိယသူဌေးကြီးဟာ သူ့ရဲ့ဇနီးကိုခေါ်ပြီး ရာဇဂြိုဟ်ပြည်က မိတ်ဆွေ "သင်္ခ"ရဲ့အိမ်ကို ရောက်လာခဲ့တယ်။ ပီဠိယကိုတွေ့တော့ သင်္ခသူဌေး ကြီးက "အဆွေ ပီဠိယ ဘာအကူအညီများ လိုအပ် ပါသလဲ"လို့ မေးမြန်းပါတယ်။ ပီဠိယလည်း သူ့မှာ ဥစ္စာပစ္စည်းတွေ ကုန်ခန်းသွားတဲ့အတွက် တတ်နိုင် သမျှကူညီပေးဖို့ ပြောဆိုပါတယ်။ မိတ်ဆွေဖြစ်သူရဲ့ အကြောင်းစုံကို ကြားရတဲ့အခါမှာတော့ သင်္ခသူဌေး ဟာ အတော်စိတ်မကောင်းဖြစ်သွားတာပေါ့။

ဒါနဲ့ပဲ "အို ...စိတ်မကောင်းလိုက်တာအဆွေရယ်၊ ဘာမှမစိုးရိမ်ပါနဲ့၊ အဆွေ့ကို ကျွန်ုပ်ကူညီပါ့မယ်" ဆိုပြီး သူပိုင်ဆိုင်တဲ့ ကုဋေရှစ်ဆယ်ထဲကနေ တစ်ဝက် တိတိဖြစ်တဲ့ ကုဋေလေးဆယ်ကို မိတ်ဆွေကောင်း ပီသစွာ စေတနာအပြည့်အဝနဲ့ ခွဲဝေကူညီလိုက်ပါ တယ်။ များမကြာမီမှာတော့ သင်္ခသူဌေးဟာလည်း ဥစ္စာပစ္စည်းတွေ တဖြည်းဖြည်းကုန်ခန်းလာခဲ့ပါတယ်။ ဒါပေမဲ့ သင်္ခသူဌေးဟာ သူ့ဥစ္စာပစ္စည်းတွေကုန်ခန်း ရင် သူ့မိတ်ဆွေ ပီဠိယက သူ့ကို ပြန်ကူညီလိမ့်မယ် လို့မျှော်လင့်ပြီး သိပ်ပြီးစိုးရိမ်ကြောင့်ကြမှုမရှိဘူးပေါ့။

သင်္ခသူဌေးဟာ စည်းစိမ်တွေကုန်ဆုံးသွားတဲ့အခါ မှာတော့ သူ့ဇနီးကိုခေါ်ပြီး ပီဠိယသူဌေးရှိရာ ဗာရာ ဏသီကို ထွက်လာခဲ့တယ်။ မြို့အဝင်ကိုရောက်တဲ့ အခါ "ရှင်မ၊ အဆွေ ပီဠိယရဲ့အိမ်ကို ငါအရင်သွားနှင့် မယ်၊ အိမ်ရောက်တော့မှ ရထားနဲ့ အကြိုလွှတ်လိုက် မယ်"လို့ ဇနီးကိုမှာပြီး ပီဠိယသူဌေးအိမ်ကိုလာခဲ့ပါ တယ်။

ပီဠိယသူဌေးဟာ မိတ်ဆွေဖြစ်သူ သင်္ခကိုမြင်ပေ မယ့် နေရာကလည်းမထ၊ နှုတ်လည်းမနှုတ်ဆက်ဘဲ နေသတဲ့။ ဘာအကြောင်းကိစ္စနဲ့လာတယ်ဆိုတာကို ရိပ်မိတော့ "ဒီအိမ်မှာ မင်းအတွက်နေရာမရှိဘူး၊ ရိက္ခာနည်းနည်းပေးလိုက်မယ်၊ အခြားသင့်လျော်ရာ နေရာမှာ ချက်ပြုတ်စားသောက်ကြ၊ နောက်နောင် ငါ့အိမ်ကို မလာကြနဲ့"လို့ ရိက္ခာဖွဲတစ်ဆုပ်စာအတင်း ပေးပြီး နှင်ထုတ်လိုက်ပါတော့တယ်။



ဇနီးသည်ဆီ ပြန်ရောက်လို့ အကျိုးအကြောင်း ပြောပြတဲ့အခါမှာတော့ သင်္ခသူဌေးရဲ့ဇနီးဟာ အတော် စိတ်ဆိုးသွားသတဲ့။ "ဒီဖွဲတစ်ဆုပ်ကို ဘာ့ကြောင့် ယူလာရတာလဲ၊ ဒီဖွဲတစ်ဆုပ်ဟာ ကုဋေလေးဆယ်တန် လို့လား" လို့ ပြောဆိုပြီး ငိုတော့တာပေါ့ ။ သင်္ခသူဌေး လည်း "ရှင်မ မငိုပါနဲ့၊ ပီဠိယနဲ့ သူငယ်ချင်းအချင်းချင်း မိတ်ပျက်မှာစိုးလို့ ဒီဖွဲကို ငါယူလာတာပါ" လို့ ပြောဆို နှစ်သိမ့်သတဲ့။

အဲဒီအချိန်မှာပဲ ပီဠိယသူဌေးဆင်းရဲစဉ်က သင်္ခ သူဌေးပေးအပ်လိုက်တဲ့ ကျွန်တစ်ယောက်ဟာ သင်္ခ သူဌေးတို့ အနီးအပါးကိုရောက်လာပါတယ်။ သူဌေး ကတော်ရဲ့ငိုသံကိုကြားရတဲ့အခါ အတော်စိတ် မကောင်းဖြစ်ပြီး အခြားကျေးကျွန်တွေနဲ့တိုင်ပင် ညှိနှိုင်းကာ မိမိတို့အရှင်သခင်လင်မယားကို အိမ်ခေါ် ပြီး ကောင်းမွန်စွာပြုစုလုပ်ကျွေးပါတယ်။ သုံးရက် လောက်ကြာတဲ့အခါမှာတော့ ကျေးကျွန်အားလုံး စုရုံးကာ ဘုရင့်နန်းတော်အထိ သွားရောက်ကြပြီး မင်းရင်ပြင်ကနေ အကြောင်းစုံကို မင်းကြီးကြားသိ အောင် အော်ဟစ်ကြွေးကြော်ကြပါတယ်။

မင်းကြီးလည်းခေါ်ယူမေးမြန်းတဲ့အခါ ကျေးကျွန် တို့လည်း အလုံးစုံကို လျှောက်တင်ကြတော့တာပေါ့။ အကြောင်းစုံသိသွားတဲ့မင်းကြီးဟာ သူဌေးနှစ်ဦးစလုံး ကိုခေါ်ယူစစ်မေးပါတယ်။ အကြောင်းအရာအားလုံး မှန်ကန်တဲ့အတွက် ပီဠိယသူဌေးပိုင်ဆိုင်တဲ့ပစ္စည်း အားလုံးကို သင်္ခသူဌေးကို ပြန်ပေးလိုက်သတဲ့။ ဒါပေမဲ့ သင်္ခသူဌေးဟာ ပစ္စည်းအားလုံးကိုမယူဘဲ ကုဋေ လေးဆယ်တိတိကိုသာပြန်ယူပါတယ်၊ အကုန်ယူလိုက် ရင် သူငယ်ချင်းပီဠိယသူဌေး ပြန်ဆင်းရဲသွားမှာကို မလိုလားလို့ဘဲဖြစ်ပါတယ်။

မိတ်ဆွေကောင်းဆိုတာ တစ်ဦးအခက်အခဲရှိတာကို တစ်ဦးက စေတနာအပြည့်နဲ့ကူညီပေးမှ စစ်မှန်တဲ့ မိတ်ဆွေကောင်းလို့ဆိုနိုင်မှာဖြစ်ပါတယ်။ ဒီတစ်ပတ် ရဲ့နိပါတ်တော်လာ သိမှတ်စရာအနေနဲ့ ပီဠိယသူဌေးလို မပြုမူဘဲ သင်္ခသူဌေးလိုမိတ်ဆွေကောင်းတို့ရဲ့ ဝတ္တရားနဲ့ အညီ ပြုမူနေထိုင်ကြရမှာဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါတယ်။ ။

---

## လူငယ်နှင့်ကြီးပွားရေး

# ကြော်ငြာ

ပီမိုးနှင်း

### ကြော်ငြာနှင့်အသံ

ကြော်ငြာအလုပ်သည် လူ၏စိတ်ကိုစွဲသော အလုပ်ဖြစ်၏။ ကြော်ငြာသည် အလုပ်ပေါင်းတို့၏ အသက်လည်းဖြစ်လေသည်။

သို့ဖြစ်လေရာ ထိုအသက်ကို ရှင်အောင်လုပ်သော နည်းနှစ်မျိုးရှိ၏။

တစ်နည်းမှာ ရောင်းသောပစ္စည်းကို လူအများ၏ နား၊ မျက်စိ၌ အမြဲသိဖို့ ကြားဖို့အချက်။ တစ်နည်းမှာ ထိုပစ္စည်း၏ဂုဏ်ကျေးဇူးကို ယုံကြည်စိတ်ချပါ၍ ဝယ်ချင်အောင် ရေးသားခြင်းဖြစ်လေသည်။

အဘယ်မျှပင် အရေးကောင်းစေကာမူ ထိုပစ္စည်း ကို လူအများ၏ နား၊ မျက်စိ၌ အမြဲသိဖို့ ကြားဖို့ အချက်။ တစ်နည်းမှာ ထိုပစ္စည်း၏ ဂုဏ်ကျေးဇူးကို ယုံကြည်စိတ်ပါ၍ ဝယ်ချင်အောင်ရေးသားခြင်းဖြစ်လေ သည်။

အဘယ်မျှပင် အရေးကောင်းစေကာမူ ထိုပစ္စည်းကို အမြဲမမြင်မကြားကြမူ၍ တစ်ခါခါပျောက်ကွယ်နေက ကြော်ငြာ၏အသက်အား ဆုတ်ယုတ်လျက် ပစ္စည်း မှာ အညတရပစ္စည်းအနေသို့ ရောက်တတ်လေသည်။ ထိုပစ္စည်းအကြောင်းကိုပင် စာများ၌ သေသေချာချာ မဖတ်ကြရစေကာမူ နာမည်ကို အမြဲကြားနေ၊ မြင်နေ ချေက အဟုတ်အမှန် အဖိုးတန်ဟူ၍ အလိုလိုစိတ်၌ မှတ်ထင်မြဲဖြစ်ကြလေသည်။ အာယုဒီဃဆေး၏ တွင်ကျယ်ခြင်းမှာ အနယ်နယ်အရပ်ရပ်တွင် ၎င်း၏ ဆိုင်းဘုတ်များ၌ ထိုဆေး၏အစွမ်းသတ္တိ ဂုဏ်ကျေးဇူး တို့ကို အကုန်အစင်မပြနိုင်ကြပေ။ သို့သော်လည်း ကြားနေရခြင်း၊ မြင်နေရခြင်းကြောင့်မဟုတ်ဘဲ မကျော်ဟူသောအသိ လူတို့၏စိတ်၌စွဲ၍နေခြင်းဖြစ် လေသည်။

သို့ဖြစ်လေရာ ပစ္စည်းတစ်ခုခုကို ကြေညာ၍ ရောင်း ခြင်း၌ ထိုပစ္စည်း၏ဂုဏ်သတ္တိများကို အမြဲကြော်ငြာ ဟူသမျှမှာ ဖော်ပြဖို့မလို။ တိုင်းပြည်၌ ထိုပစ္စည်းကို လူအများကြားသိ၍နေအောင်၊ ထိုပစ္စည်း၏ နာမည် ကျော်၍နေအောင်၊ အော်၍နေအောင်၊ ဆူ၍နေအောင် လုပ်ဖို့ အရေးကြီးလေသည်။ သို့ ကျော်အောင်ဆူညံ၍ နေသည့်အခါ အစွမ်းကိုပင် မသိရစေကာမူ ဘယ်လိုများ ပါလိမ့်မလဲဟု သိလိုသောစိတ်ကြောင့် ဝယ်ကြရမည် ကား လူတို့၏စိတ်သဘောသဘာဝတစ်ခုဖြစ်လေ သည်။

သို့ဖြစ်ရာ အကျိုးအကြောင်းကို စုံအောင်ဖော်ပြ သော ကြော်ငြာအနည်းငယ်မျှနှင့် အသုံးပြုပြီး နာမည် ဆူညံနေစေသောနည်းကို အထူးဂရုစိုက် ကြံစည်ကြရ ပေကြောင်း။

### ကြော်ငြာအင်အား

ကြော်ငြာရာ၌ အဘယ်ပစ္စည်းမျိုးကို အဘယ်လို လူစားမျိုးက ပို၍ဝယ်မည်ဟူသောအကြောင်းကို ရှေးဦးစွာ သိဖို့လိုလေသည်။

အဖိုးတန်ပစ္စည်းကုန် ပကာသနနှင့်ဆိုင်သော ပစ္စည်းများကို အဖိုးတန်လူများသာဝယ်မည်ဖြစ်ရာ အဖိုးတန်မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာများမှသော် လည်းကောင်း၊ ဒါရိုက်တရီ၊ တယ်လီဖုန်းစာအုပ်များ ကြည့်၍ဖြစ်စေ၊ အစိုးရဂေဇက်ကိုကြည့်၍ဖြစ်စေ၊ အခြားကုန်သည်များ၌ရှိသော လူကုံထံပေါက်သည့် စာရင်းများကို ရအောင်ကြံ၍ဖြစ်စေ၊ သားနား ခံ့ညားသော ကြော်ငြာစာရွက်များကို တိုက်ရိုက်ပို့ ခြင်းဖြင့်ဖြစ်စေ ကြော်ငြာရလေသည်။

တိုက်ရိုက်ပို့ရာ၌ ကြော်ငြာပိုစတာများမှာ သားနား ခံ့ညားလျှင် ၎င်း၏ဂုဏ်ကို တိုးအောင်ပြုလိုကြ သဖြင့် ဝယ်ဖို့ရန် စိတ်ပေါ်တတ်လေသည်။

အဖိုးတန်အလှပစ္စည်းများကို ရောင်စုံဓာတ်ပုံများ နှင့်ထင်ထင်ရှားရှား လှလှပပ မျက်စိပသာဒဖြစ် အောင်ကြော်ငြာလျှင် သာ၍စွဲမက်လွယ်လေသည်။ စားဖွယ်သောက်ဖွယ်တို့ကို ကြော်ငြာရာ၌ မြင်ရုံနှင့် စားချင်သဖွယ်ဖြစ်အောင် ရုပ်ပုံနှင့်ပြ၍ ကြော်ငြာရ လေသည်။

ဥပမာ ခရမ်းချဉ်သီးတစ်တင်းလျှင် တစ်မူးလောက်၊ တစ်ပဲလောက်နှင့်ရနိုင်သော အရပ်မှနေ၍ ခရမ်းချဉ် သီးဆော့စ် အကောင်းဆုံးကိုလုပ်၊ ပုလင်းမှာအထူး လှပ၍ ကျက်သရေရှိအောင် လေဘယ်များကပ်၊ ချိပ်တံဆိပ်နှင့်ပိတ်၊ အပ်ပေပါစက္ကူ၊ အကောင်းဆုံးမှာ ခရမ်းချဉ်သီးအလှဆုံး၊ အကြီးဆုံးများကို ရွေးချယ်၍ ပန်းကန်ပြား၌ထည့် ဆော့စ်ပုလင်းကို အနီး၌ထောင်၊ ကြက်ကောင်လုံးဖြစ်စေ၊ ဝက်သားပေါင်လုံးဖြစ်စေ နှင့်လှီးပြီး မြိန်ရှက်စွာ ဆော့စ်နှင့်တို့စားနေပုံကို ဓာတ်ပုံရိုက်ပြရမည်။ သို့သော်လည်း ဝက်ပေါင်ကို လှီးပြီး ဆော့စ်နှင့်တို့စားနေပုံဟုပြောရာ၌လွယ်၏။ လှီး၍စားပုံအားလုံးပါအောင်မဖြစ်နိုင်ပေ။ သို့ဖြစ် လေရာ ဝက်ပေါင်မှာ လှီးထားသောအရာ၊ မြိန်ရှက်စွာ စားနေသော ပါးစပ်၊ ဆော့စ်ပန်းကန်ထဲ၌ အသား တို့စားနေပုံ စသောပုံများကိုသာ ပါစေနိုင်လေသည်။ ထင်အောင် မြင်အောင်ဓာတ်ပုံယူတတ်က တကယ် စား၍နေပုံကို ထင်မြင်နိုင်လေသည်။ အောက်က စာတမ်းမှာ "အင်း . . .တစ်ခါလာ ကြက်သား၊ တစ်ခါ လာ ဝက်သား၊ ငြီးစော်များနံလှပေါ့၊ ဒီဆော့စ် ကလေးရှိပေလို့တော်တော့တယ်၊ သို့မဟုတ် ဒီဆော့စ် ဟာ အရသာရှိရုံသာမဟုတ်။ အစာကြေဆေးလို ပါကလား။ စားပြီးအင့်ခြင်း၊ တင်းခြင်း၊ ပြည့်ကျပ်ခြင်း ဆိုလို့ ဘာမှမရှိဘူး"ဟူသော စကားမျိုးရေးထည့်နိုင် သည်။

ထိုကဲ့သို့ ဆေးရောင်စုံနှင့်ကြော်ငြာကို လွတ်သော နေရာ၌ ခရမ်းချဉ်သီးများကို အကြီးအကျယ်စိုက်ပျိုး ထားပုံ၊ ခရမ်းချဉ်သီးကို ပြ၍ သန့်သန့်ရှင်းရှင်းပြုလုပ် စီမံပုံများကို ရေးသားဖော်ပြနိုင်လေသည်။ ၎င်းရုပ်ပုံ နှင့်အတူ ကြော်ငြာစာအလွတ်ကို ဂုဏ်သရေရှိ လူတစ်ယောက်အား ထိုအဖိုးတန်ဆော့စ်အကြောင်း မှီဝဲစားသုံးဖို့ကောင်းကြောင်း ရေးသားပြောကြား သော စာမျိုးပူးတွဲပို့နိုင်လေသည်။

သေးငယ်သော ပုလင်းများနှင့်ကမ္ဘာအရပ်ရပ်ရှိ ဆိုင်ကြီးများသို့ ပို့သည့်အခါ နိုင်ငံခြားသွင်းကုန်လုပ် သော ကုမ္ပဏီကြီးတစ်ဦးဦးက တစ်ဦးတည်းကိုယ်စား လှယ်အဖြစ်နှင့် ယူဖို့ရန် ပေါ်ပေါက်နိုင်လေသည်။ ထိုအခါ ချက်ချင်းကြီးပွားချမ်းသာနိုင်လေသည်။

**ဆရာကြီးပီမိုးနှင်း၏ "ကုန်သည်အိတ်ဆောင်" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၇)ကြိမ်မြောက်တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ) ဖြေဆိုပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

(၇၇)ကြိမ်မြောက်တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)၌ အဘိဓမ္မာ(ဒုတိယပိုင်း)တွင် စာရင်းသွင်းသံဃာတော်လေးပါးရှိပြီးဖြေဆိုသံဃာတော်လေးပါး၊ အဘိဓမ္မာ(ပထမပိုင်း) တွင် စာရင်းသွင်းသံဃာတော် ၁၇ ပါးရှိပြီး ဖြေဆိုသံဃာတော် ၁၅ ပါး၊ ဒီဃနိကာယ် ကျမ်းတွင် စာရင်းသွင်း သံဃာတော် ၃၈ ပါးရှိပြီး ဖြေဆိုသံဃာတော် ၃၅ ပါး၊ ဝိနည်း (ပထမပိုင်း)တွင် စာရင်းသွင်းသံဃာတော် ၁၂၆ ပါးရှိပြီး ဖြေဆိုသံဃာတော် ၁၁၃ ပါး တို့ဖြစ်သည်။

ယနေ့ဖြေဆိုကြသည့် သံဃာတော်များ နှင့် ကြီးကြပ်ဆရာတော်များအား နေ့ဆွမ်း အလှူရှင် ဒေါက်တာမျိုးထက်အေးနှင့်ဇနီး မိသားစုများ၊ သာကေတမြို့နယ်မှ ပရဟိတ အကျိုးဆောင်အလှူရှင်များအဖွဲ့(ရန်ကုန်) နှင့် ဗီယက်နမ်နိုင်ငံ သာသနာပြုကုသိုလ် အဖွဲ့မှ အချိုရည်နှင့် ရဟန်းအသုံးအဆောင် ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများ အား ပစ္စည်းများဂုဏ်ပြုပေးအပ်ပြီး တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့်တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

# (၅၉)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ (၅၉)ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကို “ထရိုင်ခိုဒါးမားမှိုကို သီးနှံကာကွယ်ရေးတွင် အသုံးချခြင်း” ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်၍ ယနေ့ပြုလုပ်သည့် တောင်သူနည်းပညာဆွေးနွေးပွဲသည် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး စသည့်စိုက်ပျိုးရေး သွင်းအားစုများကို တောင်သူများကောင်းစွာ စီမံခန့်ခွဲတတ်စေခြင်းဖြင့် မိမိတို့၏သဘာဝ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို စောင့်ရှောက်တတ်စေရန်ရည်ရွယ်ကြောင်း၊ ထရိုင်ခိုဒါးမားမှိုဆိုသည်မှာ သီးနှံကာကွယ်ရေး အပေါ်တွင် များစွာအထောက်အကူဖြစ်ကြောင်း၊ တောင်သူများအတွက် များစွာ အကျိုးရှိထိရောက်သည့် သွင်းအားစုတစ်ခုဖြစ်သည့် ထရိုင်ခိုဒါးမားမှိုကို ကိုယ်တိုင် ထုတ်လုပ်နိုင်စေရေးအတွက် သက်ဆိုင်ရာ ပညာရှင်များ၊ သုတေသီများက ဆွေးနွေး ပေးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးကြိုနှမ်းကို ပေါင်ကြီးတင်စနစ် Broadbed and Furrow စနစ်ကို တောင်သူများကျယ်ကျယ် ပြန့်ပြန့်စိုက်ပျိုးလာစေရေး ထိရောက်သော ပညာပေးဆွေးနွေးမှုများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဒေါက်တာသက်ရီခိုင်က သီးနှံကာကွယ်ရေး၏အရေးကြီးမှု၊ ထရိုင်ခိုဒါးမားမှို၏ အာနိသင်များနှင့် စိုက်ပျိုးရေးတွင် အကျိုးပြုမှု၊ ထရိုင်ခိုဒါးမားမှိုကို သီးနှံကာကွယ်ရေးတွင် အသုံးပြုသည့် နည်းလမ်းများ၊ မျိုးစေ့လူးနယ်ခြင်း၊ စိုက်ပျိုးမည့် ပျိုးအိုး၊ ပျိုးထုပ်၊ ပျိုးပေါင်၊ မြေဆီလွှာထဲသို့ ထည့်သွင်းခြင်းတို့ကို ဆွေးနွေးတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းမှုအပေါ် ဒုတိယဝန်ကြီးနှင့် ပညာရှင်များက ဖြည့်စွက်ဆွေးနွေးဖြေကြားကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၁၅၀၀ စုပေါင်း၍ ဆောင်းရာသီ ဟင်းသီးဟင်းရွက် ကန်စွန်း၊ ချဉ်ပေါင်၊ ဆလတ်၊ နံနံ၊ မုန်ညင်း၊ မုန်လာဥဖြူ သီးနှံများအား ပေါင်ကြီးတင်စနစ်ဖြင့် စနစ်တကျပြင်ဆင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၈ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လေ့လာမှတ်သားစရာ စီးပွားရေးဝေါဟာရ (၃)

စောနိုင်(အသုံးချဘောဂဗေဒ)

**ငွေတန်ဖိုးမြင့်ခြင်းနှင့်ငွေတန်ဖိုးနိမ့်ခြင်း**
**(Appreciation and Depreciation)**

နိုင်ငံတကာကုန်သွယ်မှုမှာပါဝင်နေကြတဲ့ တိုင်းပြည်တွေအနေနဲ့ သူတို့ရဲ့ ငွေကြေးတန်ဖိုးကို အခြားတိုင်းပြည်တစ်ခုရဲ့ ငွေကြေးတန်ဖိုးတွေနဲ့ ဆက်စပ်ပြောစရာတွေရှိလာနိုင်ပြီး အဲဒီအခြေအနေတွေကနေ သူတို့ရဲ့ငွေတန်ဖိုးမြင့်တာတွေ နိမ့်တာတွေကြုံတွေ့လာရနိုင်ပါတယ်။ ငွေတန်ဖိုးမြင့်ခြင်း၊ နိမ့်ခြင်းတွေပြောတဲ့အခါ တိုင်းပြည်တစ်ပြည်ရဲ့ ပြည်တွင်းငွေကြေးတန်ဖိုးကို အဲဒီတိုင်းပြည်နဲ့ဆက်စပ်နေတဲ့ အခြားတိုင်းပြည်တစ်ခုရဲ့ ငွေကြေးတန်ဖိုးနဲ့နှိုင်းယှဉ်ပြီး ပြောလေ့ရှိပါတယ်။ အဲဒီလိုပြောတဲ့အခါမှာ ကမ္ဘာမှာအသုံးများပြီး ငွေမာ (Hard Currency)ဖြစ်နေတတ်တဲ့ ငွေကြေးတစ်ခုနဲ့နှိုင်းယှဉ်စဉ်းစားလေ့ရှိပါတယ်။ (ဥပမာ- ဒေါ်လာ၊ ယူရိုစတဲ့ ငွေကြေးတန်ဖိုးတွေနဲ့ဖြစ်ပါတယ်။)

ဒီနေရာမှာ ငွေတန်ဖိုးမြင့်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကတော့ တိုင်းပြည်တစ်ပြည်ရဲ့ ပြည်တွင်းငွေကြေးတန်ဖိုးဟာ အခြားတိုင်းပြည်တစ်ခုရဲ့ ငွေကြေးတန်ဖိုးနဲ့ နှိုင်းယှဉ်လိုက်ရင် တန်ဖိုးတက်လာခြင်းဖြစ်ပြီး ငွေတန်ဖိုးနိမ့်ခြင်းဆိုတာကတော့ အခြားတိုင်းပြည်တစ်ခုရဲ့ ငွေကြေးတန်ဖိုးနဲ့နှိုင်းယှဉ်တဲ့အခါ တန်ဖိုးကျဆင်းနေခြင်းပဲဖြစ်ပါတယ်။ ငွေကြေးကို ကုန်စည်လိုသဘောထားပြီး ဈေးကွက်သဘောတရားနဲ့ စဉ်းစားကြည့်လို့ရပါတယ်။ ငွေကြေးဈေးကွက်ထဲကိုကြည့်ရင် ကုန်စည်ဈေးကွက်လိုပဲ ဝယ်လိုအားနဲ့ရောင်းလိုအားဆိုတာတွေရှိလာပါတယ်။ ငွေကြေးနှစ်မျိုးရဲ့ ဝယ်လိုအားနဲ့ရောင်းလိုအား အပြောင်းအလဲတွေပေါ်မှာမူတည်ပြီး ငွေကြေးဈေးနှုန်း သို့မဟုတ် ငွေကြေးလဲလှယ်နှုန်းထား (Exchange Rate)ဟာ အပြောင်းအလဲတွေရှိလာပါတယ်။ ဥပမာ- အမေရိကန်ဒေါ်လာ (USD)နဲ့ ဩစတြေးလျဒေါ်လာ (AUD)တို့ကို ဆက်စပ်စဉ်းစားကြည့်ပါ။ အဲဒီငွေကြေးနှစ်မျိုးမှာ AUD ကို ဝယ်လိုအား(လိုချင်တာ)များလာရင် အဲဒီငွေကြေး ဈေးတက်သွားမှာဖြစ်ပြီး ဝယ်လိုအားနည်းခဲ့ရင်တော့ ဈေးကျမှာဖြစ်ပါတယ်။ မူလအခြေအနေတစ်ခုမှာ AUD ၁ ဒေါ်လာလိုချင်ရင် USD ၆၀ ဆင့် (၁ ဒေါ်လာဟာ ၁၀၀ ဆင့်နဲ့ညီမျှပါတယ်)။ ပေးနေရတယ်ဆိုပါစို့။ ညီမျှခြင်းချရေးကြည့်ရင်တော့ USD ၆၀ ဆင့်= AUD ၁ ဒေါ်လာဖြစ်လာပါတယ်။ အဲဒီအခြေအနေကနေ



AUD ကို အကြောင်းအမျိုးမျိုးနဲ့လိုချင်တာ (ဝယ်လိုအား)များလာခဲ့ရင် AUD ဈေးတက်လာပါလိမ့်မယ်။ ဒါကြောင့် အခြေအနေသစ်အရဖြစ်လာနိုင်မယ့် လဲလှယ်နှုန်းကို ညီမျှခြင်းချကြည့်ပြန်တော့ USD ၇၀ ဆင့်= AUD ၁ ဒေါ်လာဖြစ်ပါတယ်။

ဒီအခြေအနေနှစ်ရပ်ကိုကြည့်ပြီး AUD ၁ ဒေါ်လာကို USD ငွေကြေးနဲ့ဝယ်တဲ့နေရာမှာ ပထမ USD ၆၀ ဆင့်သာပေးရပေမယ့် ဝယ်လိုအားများလာတဲ့အခါမှာ USD ၇၀ ဆင့်ဖြစ်သွားတာကိုတွေ့ရပါတယ်။ ဩစတြေးလျဒေါ်လာ AUD ၁ ဒေါ်လာတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၀ ဆင့်ထပ်မံဈေးကြီးသွားတဲ့သဘောဖြစ်ပါတယ်။ ဒီအခြေအနေဟာ ဩစတြေးလျဒေါ်လာ (AUD) တန်ဖိုးမြင့်လာခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာငွေကြေး (USD)တန်ဖိုးကျသွားခြင်းလို့ပြောနိုင်ပါတယ်။ ငွေတန်ဖိုးမြင့်ခြင်း၊ နိမ့်ခြင်းဆိုတာ ငွေကြေးရဲ့ဈေးနှုန်းနဲ့ဆက်စပ်တယ်ဆိုတာလည်း သိဖို့လိုပါတယ်။ ငွေကြေးတစ်ရပ်ရဲ့ဈေးနှုန်း(လဲလှယ်တဲ့နှုန်း) ကြီးလာရင် အဲဒီငွေကြေးတန်ဖိုးမြင့်လာပြီး ဈေးနှုန်းနိမ့်လာရင် တန်ဖိုးနိမ့်သွားတယ်လို့ဆိုနိုင်ပါတယ်။

ငွေတန်ဖိုးမြင့်ခြင်း၊ နိမ့်ခြင်းတို့ကြောင့် သိသာထင်ရှားတဲ့ အကျိုးသက်ရောက်မှုတွေကတော့ ကုန်သွယ်မှုကဏ္ဍမှာတွေ့နိုင်ပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ ငွေတန်ဖိုး(မြင့်)လာရင် အဲဒီတိုင်းပြည်ရဲ့ ပို့ကုန်တွေကမ္ဘာ့ဈေးကွက်ထဲမှာ ဈေးနှုန်းမြင့်တက်လာနိုင်ပြီး ဝယ်သူတွေအတွက်ဈေးနှုန်းကြီးလာလို့ ဝယ်လိုအားလျော့ကျခြင်းကိုလည်း ခံရပါလိမ့်မယ်။ အကျိုးဆက်ကတော့ ပို့ကုန်တင်ပို့ခြင်းလျော့ကျနိုင်ခြင်းကိုပါ ဦးတည်သွားနိုင်တယ်ဆိုတာပါ။ သွင်းကုန်ပစ္စည်းတွေကတော့ ပြည်သူတွေစားသုံးသူတွေအတွက် ဈေးသက်သာလာနိုင်လို့ သွင်းကုန်ဝယ်လိုအားတွေတိုးလာပြီး သွင်းကုန်တင်ပို့မှုတိုးလာပါလိမ့်မယ်။ ငွေတန်ဖိုးကျ(နိမ့်)တဲ့ သက်ရောက်မှုကိုတော့ အထက်ပါအကျိုးဆက်တွေကို ပြောင်းပြန်ယှဉ်ပြီးစဉ်းစားနိုင်ပါတယ်။

**စတက်ဂ်ဖလေးရှင်း(Stagflation)**

စတက်ဂ်ဖလေးရှင်း (Stagflation) ဆိုတာကို မြန်မာလိုအဓိပ္ပာယ်ပြန်ရရင် သဘောပေါက်ရခက်ခဲမှာစိုးလို့ အသံထွက်အတိုင်းပဲခေါ်ရတာ အဆင်ပြေဆုံးဖြစ်ပါလိမ့်မယ်။ အပြောင်းအလဲမရှိခြင်း၊ တုံ့ဆိုင်းခြင်း(Stagnation)နဲ့ ဖောင်းပွခြင်း (Inflation) စာလုံးနှစ်လုံးကို ပေါင်းစပ်ခေါ်ဝေါ်ထားခြင်းဖြစ်ပါတယ်။ အင်ဖလေးရှင်း (Inflation)တစ်လုံးတည်းကတော့ စီးပွားရေးဘာသာရပ်မှာ ငွေကြေးဖောင်းပွခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ငွေကြေးဖောင်းပွခြင်းဆိုတာ အချိန်တော်တော်ကြာကြာ အထွေထွေဈေးနှုန်းတွေမြင့်နေတာကိုဆိုလိုတာပါ။ ဒီနေရာမှာ အထွေထွေဈေးနှုန်းဆိုတာ စီးပွားရေးအဆောက်အအုံထဲက များပြားလှတဲ့ကုန်စည်အမယ်မျိုးစုံ အားလုံးရဲ့ဈေးနှုန်းတွေကို ပြောခြင်းဖြစ်ပါတယ်။ အမျိုးအစားများလွန်းအားကြီးလို့ လေ့လာမှုတွေလုပ်ကုန်စည်အုပ်စုတွေဖွဲ့ပြီးပြောကြရပါတယ်။ (ဥပမာ- စားသုံးကုန်စည်အုပ်စု၊ လုပ်ငန်းသုံးကုန်စည်အုပ်စု၊ လယ်ယာထွက်ကုန်စည်အုပ်စု၊ ပို့ကုန်အုပ်စုစသည်ဖြင့်)အုပ်စုဖွဲ့လိုက်တဲ့အခါ အရေအတွက်နည်းသွားပြီး သူတို့ရဲ့ဈေးနှုန်းအခြေအနေတွေကို ဆန်းစစ်ကိန်းသုံးပြီး လေ့လာလို့ရသွားပါတယ်။ ရလာတဲ့ရလဒ်တွေကိုမှ အထွေထွေဈေးနှုန်းအဆင့်လို့ခေါ်ခြင်းဖြစ်ပါတယ်။

သာမန်အားဖြင့် အင်ဖလေးရှင်း (ငွေကြေးဖောင်းပွခြင်း) ဖြစ်တယ်ဆိုတာနဲ့ ဈေးနှုန်းတွေတက်နေပြီဆိုတဲ့အခြေအနေကို အားလုံးသဘောပေါက်ကြပါတယ်။ ဈေးနှုန်းတွေကိုမြင့်တက်စေမယ့် အကြောင်းအမျိုးမျိုးရှိတဲ့အထဲက ဘောဂဗေဒသဘောတရားရှုထောင့်ကနေအခြေခံကျပြီး လူသိများတဲ့ အကြောင်းနှစ်ရပ်ရှိပါတယ်။ အဲဒါတွေကတော့ ခေတ်သစ်ကိန်းန်(စ်)ဘောဂဗေဒသမား (Keynesion Economists)တွေထောက်ပြထားတဲ့ ဝယ်လိုအားဆွဲ ငွေကြေးဖောင်းပွမှု (Demand- Pull Inflation)နဲ့ ထုတ်လုပ်မှုစရိတ်တွန်း ငွေကြေးဖောင်းပွမှု (Cost-Push Inflation) ပါပဲ။

ပထမအကြောင်းဖြစ်တဲ့ ဝယ်လိုအားဆွဲငွေကြေးဖောင်းပွမှုကတော့ လူတွေဝယ်လိုအားများလွန်းလို့ ဈေးနှုန်းတွေတက်၊ အဲဒီကမှတစ်ဆင့် တစ်နှယ်ငင်တစ်စင်ပါဖြစ်ပြီး အထွေထွေဈေးနှုန်းတွေ မြင့်တက်လာခြင်းပါပဲ။ အကျိုးဆက်ကတော့ ဈေးတွေမြင့်လာလို့ ပိုပြီးထုတ်လုပ်၊ စက်ရုံအလုပ်ရုံတွေမှာအလုပ်တွေပိုရ၊ အလုပ်သမားတွေဝင်ငွေတိုးလာကြတဲ့အခြေအနေတွေ ဆက်တိုက်ဖြစ်လာပါတယ်။ ဝင်ငွေတိုးလာကြတဲ့အခါ ဝယ်လိုအားတွေထပ်တက်၊ ဈေးနှုန်းကထပ်မြင့်နဲ့ သံသရာလည်နေသလိုပါပဲ။ ဘာပဲဖြစ်ဖြစ် ဒီလိုဈေးနှုန်းတက်နေတာ ထုတ်လုပ်မှုတွေတိုး၊ အလုပ်အကိုင်အခွင့်အလမ်းများလာလို့ မဆိုးဘူးလို့ဆိုရမှာပါ။ ဒါပေမဲ့ ဈေးနှုန်းတွေကတစ်ချိန်လုံးတက်နေပြီး အလွန်အမင်းကြီးကိုမြင့်လာနေရင်တော့ မကောင်းပြန်ပါဘူး။

စရိတ်တွန်းငွေကြေးဖောင်းပွမှုကတော့ စရိတ်စကတွေကကြီး၊ စရိတ်ထောင်းလို့ ထုတ်ကုန်တွေဈေးမြင့်၊ ဝယ်သူတွေကလည်း များများမဝယ်နိုင်ကြတော့ဘူး။ မဝယ်နိုင်ကြလို့ ဝယ်လိုအားလျော့လာတဲ့အခါ စက်ရုံ၊ အလုပ်ရုံတွေကထုတ်လုပ်မှုတွေလျှော့ရလို့ အလုပ်သမားတွေကို လစာငွေဖြတ်တောက်တာတွေ၊ အလုပ်သမားလျှော့ချတာတွေပါ တစ်ဆင့်ဖြစ်ပေါ်လာတတ်ပါတယ်။ အဲဒီလို အလုပ်အကိုင်အခွင့်အလမ်းတွေကနည်း ဝင်ငွေလျော့ကျလာတဲ့အခါ ဝယ်လိုအားကို တစ်ဖန်ပြန်ပြီး ထိခိုက်လာလို့ ဒီလိုငွေကြေးဖောင်းပွမှုကတော့ အဆိုးသံသရာလည်သလိုမျိုးဖြစ်သွားတတ်ပါတယ်။

စတက်ဂ်ဖလေးရှင်းဆိုတာကို စီးပွားရေးဝေါဟာရတွေသုံးပြီး ပြောပြရရင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (GDP) တွေကျ၊ အလုပ်လက်မဲ့အခြေအနေတွေ (Unemployment)တွေမြင့်တက်၊ လုပ်ငန်းတွေဝင်ငွေ (Coporate Earnings)တွေကျပြီး ငွေဖောင်းပွမှု (Inflation)က အားရပါးရတက်နေတာလို့ဆိုရပါမယ်။

ဒါကြောင့် ဒီငွေကြေးဖောင်းပွမှုအကြောင်းနှစ်ရပ်ကို နှိုင်းယှဉ်ကြည့်ရင် စရိတ်ကြီးလို့ဖြစ်လာတဲ့ ငွေကြေးဖောင်းပွမှုက ပိုလို့ဆိုးဝါးတယ်ဆိုတာကို သတိပြုနိုင်ပါတယ်။ ကျမ်းရိုးသစ်ကိန်းန်(စ်) ဘောဂဗေဒသမားတွေကတော့ စတက်ဂ်ဖလေးရှင်းဟာ စရိတ်တွန်းအားကြောင့်ဖြစ်လာတဲ့ ငွေကြေးဖောင်းပွမှုအခြေအနေထဲမှာ ရှိတယ်လို့ဆိုပါတယ်။ စတက်ဂ်ဖလေးရှင်းကို ထုတ်လုပ်သူတွေအမြင်နဲ့ အဓိပ္ပာယ်ဖွင့်ရင် ဈေးတွေကောင်းနေပေမယ့် ထုတ်လုပ်မှုတွေ မတိုးနိုင်တာဖြစ်ပြီး ဝယ်သူတွေရဲ့ ရှုထောင့်ကနေကြည့်ရင်တော့ လုပ်ခဈေးနှုန်းတွေကောင်းနေပေမယ့် အလုပ်အကိုင်အခွင့်အလမ်းတွေနည်း၊ ဝင်ငွေတွေကမကောင်း၊ ဝယ်လိုအားတွေမြင့်တက်မှုမရှိတဲ့ အခြေအနေလို့ပြောနိုင်ပါတယ်။ မေခရိုစီးပွားရေးပညာရှင်တွေကတော့ ဈေးနှုန်းတွေမြင့်နေပေမယ့်ထုတ်လုပ်မှုတွေကျဆင်း၊စီးပွားရေးဖွံ့ဖြိုးမှုကနှေးကွေး၊ အလုပ်လက်မဲ့တွေပေါများလာတဲ့အခြေအနေတစ်ရပ်ဖြစ်တဲ့ စတက်ဂ်ဖလေးရှင်းကို ကိုင်တွယ်ရခက်ခဲတဲ့အခြေအနေတစ်ရပ်လို့ ရှုမြင်လေ့ရှိကြပါတယ်။ ။

## ပြည်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ပြည် ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဖြဟော်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို တာဝန်ရှိသူများက ဇန်နဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဇော်နှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ဖြဟော်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်မြို့နယ် ဖြဟော်ကျေးရွာ၌ အရှည်ပေ ၃၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၉ ဒသမ ၃၀ သန်းဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ ပြည်သူများသွားလာရေးလွယ်ကူပြီး သန့်ရှင်းသောသောက်သုံးရေကိုလည်းရရှိနေပြီဖြစ်ကြောင်း သိရသည်။

ချိုလေး

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

## အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲတွင် အသင်းခြောက်သင်း ခြေစစ်ပွဲအောင်မြင်ထားပြီး နောက်ဆုံးနေ့တွင် သုံးသင်းထပ်မံထွက်ပေါ်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

လက်ရှိကျင်းပနေသည့် ၂၀၂၅ အာရှဖလားအမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲမတိုင်မီ ခြေစစ်ပွဲအောင်မြင်သည့်အသင်း ခြောက်သင်း ထွက်ပေါ်ထားပြီး ဇန်နဝါရီလ ၁၉ ရက် **(ယနေ့)**ကျင်းပမည့် နောက်ဆုံးနေ့တွင် သုံးသင်း ထပ်မံထွက်ပေါ်မည်ဖြစ်သည်။

နောက်ဆုံးနေ့ကို ဇန်နဝါရီလ ၁၉ ရက် **(ယနေ့)**ဆက်လက်ကျင်းပမည်ဖြစ်ပြီး အုပ်စု (A)ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဘာရိန်းအသင်းနှင့် ပါလက်စတိုင်းအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းအသင်းနှင့် လက်ဘနွန်အသင်း၊ အုပ်စု(B)ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် အိန္ဒိယအသင်းနှင့် ကာဂျစ္စတန်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်း၊ အုပ်စု(C)ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန်ညနေ၄နာရီခွဲတွင်ဩစတြေးလျအသင်းနှင့်ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဥဇဘက်ကစ္စတန်အသင်းနှင့်တာ့ခ်မင်နစ္စတန်အသင်း၊ အုပ်စု (D)ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်အသင်းနှင့် တရုတ်တိုင်ပေအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင်မြန်မာအသင်းနှင့်မကာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဇန်နဝါရီလ ၁၇ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု(A)မှ ထိုင်းအသင်း၊ အုပ်စု (B)မှ အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်း၊ အုပ်စု (C)မှ ဩစတြေးလျအသင်း၊ အုပ်စု (D)မှ ဗီယက်နမ်နှင့် တရုတ်တိုင်ပေအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဇန်နဝါရီလ ၁၉ ရက် **(ယနေ့)**ကျင်းပမည့် အုပ်စုနောက်ဆုံးနေ့တွင် သုံးသင်းသာထွက်ပေါ်မည်ဖြစ်ပြီး အကောင်းဆုံးအုပ်စု တတိယနေရာရ တစ်သင်း ပါဝင်မည်ဖြစ်သည်။

ဇန်နဝါရီလ ၁၇ ရက် ပွဲစဉ်များအပြီးတွင် အုပ်စု(A)၌ ထိုင်းအသင်းက သုံးပွဲကစား ကိုးမှတ်၊ ဘာရိန်းနှင့် ပါလက်စတိုင်းအသင်းက သုံးပွဲကစား လေးမှတ်စီ၊ အီရတ်အသင်းက ပွဲကုန်လေးပွဲကစား လေးမှတ်၊ လက်ဘနွန်အသင်းက သုံးပွဲကစား တစ်မှတ်၊ အုပ်စု(B)၌ အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ အိန္ဒိယအသင်းနှင့် ကာဂျစ္စတန်အသင်းက နှစ်ပွဲကစား အမှတ်မရသေး၊ အုပ်စု(C)၌ ဩစတြေးလျအသင်းက သုံးပွဲကစားကိုးမှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစားခုနစ်မှတ်၊ ဥဇဘက်ကစ္စတန်အသင်းက သုံးပွဲကစား လေးမှတ်၊ တာ့ခ်မင်နစ္စတန်အသင်းက သုံးပွဲကစား သုံးမှတ်၊ ကူဝိတ်အသင်းက ပွဲကုန်လေးပွဲကစား အမှတ်မရ၊ အုပ်စု (D)၌ ဗီယက်နမ်အသင်းနှင့် တရုတ်တိုင်ပေအသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ မြန်မာနှင့် မကာအိုအသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။ အုပ်စု(D)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေပြီး မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် တရုတ်တိုင်ပေအသင်းတို့ကို နှစ်ပွဲဆက်ရှုံးပြတ်အရေးနိမ့်ခဲ့သဖြင့် အခွင့်အရေးနည်းနေပြီဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပနေပြီး အုပ်စုလေးခုမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်းကိုးသင်းခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ရဲရင့်လွင်

## ကျိုက်မရောခွဲ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ကျိုက်မရော ဇန်နဝါရီ ၁၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် သင်္ကန်းချောင်အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ သင်္ကန်းချောင်အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူလေးများက စုံညီပွဲတော်တို့နှဲ့ပျော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်စုစုဌေးက စုံညီပွဲတော်ကျင်းပရခြင်း၏ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး ဘက်စုံထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား သင်္ကန်းချောင်အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဆွေနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်းသိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

## စနေနေ့ ဘောလုံးပွဲရလဒ်များ

| | | | | | |
|---|---|---|---|---|---|
| **အင်္ဂလန်ပရီးမီးယားလိဂ်** | | | **ဂျာမန်ဘွန်ဒက်လီဂါ** | | |
| နယူးကာဆယ် | ၁ - ၄ | ဘုန်းမောက် | ဖရန့်ဖတ် | ၂ - ၀ | ဒေါ့မွန် |
| ဘရန့်ဖို့ | ၀ - ၂ | လီဗာပူး | ဘိုင်ယန် | ၃ - ၂ | ဝုလ်ဘတ် |
| လက်စတာ | ၀ - ၂ | ဖူဟမ် | ဘိုချမ်း | ၃ - ၃ | လိုက်ပဇစ် |
| ဝက်စ်ဟမ်း | ၀ - ၂ | ပဲလေ့ | **အီတလီစီးရီးအေ** | | |
| **စပိန်လာလီဂါ** | | | ရိုးမား | ၃ - ၁ | ဂျီနိုအာ |
| အက်စပန်ညို | ၂ - ၁ | ဗယ်လာဒိုးလစ် | ဘိုလော့နာ | ၃ - ၁ | မွန်ဇာ |
| ဂီရိုနာ | ၁ - ၂ | ဆီဗီလာ | **ပြင်သစ်လီဂူးဝမ်း** | | |
| လီဂါနက် | ၁ - ၀ | အေတီကို | မောင့်ပယ်လီယာ | ၂ - ၁ | မိုနာကို |

# ကလောမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ တောင်လားကျေးရွာအုပ်စု၊ မြင်းဒိုက်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဖောင်တော်ဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၉၈ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ သံဃာတော် ၇၉ ပါးနှင့် ဒေသခံပြည်သူ ၁၂၄ ဦးတို့ကို ကန်သာယာဓမ္မာရုံ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အပါအဝင် မြို့နယ်(၁၇)မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၌လည်းကောင်း စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄˚C | / | ၃၀˚C |
| ရန်ကုန် | ၁၃˚C | / | ၃၃˚C |
| မန္တလေး | ၁၅˚C | / | ၃၁˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၈

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

(မိုး/ဇလ)











တပ်မတော်ပင်လယ်သွားဆေးရုံရေယာဥ်(သံလွင်)တွင်လိုက်လာပါသည့် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သောနယ်လှည့်အထူးကုဆေးအဖွဲ့များက ပုလောမြို့နယ်၊ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




**ရှေ့ဖုံးမှအဆက်**

အခြေပြု၍ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၃၁၁ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၉ ဦး၊ ကလေးရောဂါ ၄၅ ဦး၊ အရိုးရောဂါ ၃၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀ ဦး၊ မျက်စိရောဂါ ၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၆ ဦး၊ မျက်စိခွဲစိတ်လူနာ ၂ ဦး၊ ခတ်မှန်ရိုက်လူနာ ၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၀ ဦးနှင့် ခတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူတစ်ဦး၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ဒီလိုမျိုး စေတနာနဲ့ဆေးကုသလာပေးတဲ့ ဆရာ/ဆရာမတွေ စေတနာရှိရှိနဲ့ပေါ့။ ရွာသူ၊ရွာသားတွေကို ချစ်တဲ့စိတ်နဲ့လာကုပေးတဲ့အတွက်ကြောင့်မို့လို့ ကျေးဇူးတင်တယ်။ တကယ်လို့များ မြို့မှာသွားရင် လမ်းစရိတ်တွေ အများကြီးကုန်တာပေါ့နော်။ တချို့ဆိုရင် သွားချင်သော်လည်း ငွေကြေးကလည်း မလုံလောက်တဲ့အတွက်ပေါ့နော်။ အခုစေတနာနဲ့ လာလုပ်ပေးတဲ့အတွက်ကြောင့်မို့လို့ကျေးဇူးတင်တယ်"ဟုပြောသည်။(၁၀၀)

---

**၁ ကျောဖုံးမှအဆက်**

အဆိုပါဆင္မအကြိမ်မြောက် အင်းလေးကန်ပတ်လမ်း စက်ဘီးစီးပွဲတွင် ၁၅ ကီလို ၂၁၀ ဦး၊ ၃၀ ကီလို ၃၀၀ ဦး စုစုပေါင်း ၅၁၀ ဦးကို နှစ်ကြိမ်စီဖြင့် ညောင်ရွှေမြို့ ကျောက်တိုင်ကွင်းမှစတင်တာလွှတ်ပြီး မိုင်းသောက်တံတားအထိစီးနင်း၍ မော်တော်စက်လှေဖြင့် အင်းလေးဒေသအနောက်ဘက်ကမ်းရှိ ခေါင်တိုင်သို့သွားရောက်၍ ခေါင်တိုင်မှညောင်ရွှေမြို့ ကျောက်တိုင်ကွင်းသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်းနှင့် ကံစမ်းမဲဖောက်ကာ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ညောင်ရွှေမြို့ သာစည်ကန်သဲနုန်းဆယ်ယူနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာအုပ်စု ပြားထိန်းကျေးရွာအနောက်ဘက် ၁ မိုင်ခန့်အကွာရှိ လွယ်မော်ကန်အား သွားရောက်ကြည့်ရှုရာ ကန်အတွင်းရေဝင်မှု၊ ဆည်ရေသောက်ဧရိယာအချက်အလက်များနှင့် ရာဂိမုန်တိုင်းဒဏ်ကြောင့် လွယ်မော်ကန်ထိခိုက်ပျက်စီးမှုအခြေအနေ၊ လွယ်မော်ကန်သဲနုန်းတူးဖော်ခြင်းအခြေအနေများနှင့်ပတ်သက်၍ ညောင်ရွှေမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ရေလှောင်ကန်တာပေါင်များဆောင်ရွက်ရာတွင်သက်ဆိုင်ရာဌာနများမှ မြေနေရာများကို မြေပြင်ကွင်းဆင်းတိုင်းတာပေးကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ပါက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကန်များကိုလည်း ပြန်လည်တူးဖော်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင် သီးထပ်သီးညှပ်စိုက်ပျိုးပေးကြရန်၊ တောင်သူများကလည်း ဆည်ရေလှောင်ကန်များကို စနစ်တကျစည်းကမ်းရှိစွာ ထိန်းသိမ်းပေးကြရန်မှာကြား၍ လွယ်မော်ဆည်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာအုပ်စု မိုင်းသောက်ရောင်ခြည်ဦးစာကြည့်တိုက်နှင့် ကွန်ပျူတာဆောင်အား သွားရောက်ကြည့်ရှုရာ စာကြည့်တိုက်ခန်းမအတွင်း စနစ်တကျနှင့်သပ်ရပ်မှုရှိစေရန် စာကြည့်တိုက်အတွင်း ပြုပြင်လိုသည်များရှိပါက ညောင်ရွှေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြပေးရန်မှာကြားပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က စာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၀ သိန်းပေးအပ်ရာ ကျေးရွာရှိ စာကြည့်တိုက်တာဝန်ခံများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် လေးမိုင်ကွေ့-နောင်တလီ-ညိုမီး-နောင်ပနားဗွာလင်းကွင်း-ထီရီး(မွေးမြူရေးဇုန်)-ရွှေညောင်လမ်း အတက်အဆင်းလမ်းပြေပြစ်အောင် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်မြို့နယ်၊ ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။





နေပြည်တော် ဇန်နဝါရီ ၁၈

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ကျုံစုတ်ကျေးရွာ၊ လောကသရဖူသွန်းဘုရားကြီး၊ ရာပြည့်ဓနသိဒ္ဓိတန်ဆောင်းတော်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၇၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၆ ဦး၊ ခွဲစိတ်ရောဂါ ၆၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၁၀၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၂ ဦး၊ မျက်စိရောဂါ ၆၃ ဦး၊ သွားရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၇ ဦး၊ မျက်စိခွဲစိတ်လူနာ ၁ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၂၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ ၅ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ဆေးကုသမှုခံယူရန်လာရောက်သည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများပေးဝေစဉ်။



မျက်စိခွဲစိတ်လူနာများအား တာဝန်ရှိသူများက မျက်မှန်များတပ်ဆင်ပေးစဉ်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်–




“မျက်စိကန်းနေတဲ့လူတစ်ယောက်က ကောင်းသွားတော့ ပိုဝမ်းသာတာပေါ့။ အမေကြီးကို ခွဲမယ်ဆိုကတည်းက ဝမ်းကိုသာသွားတာ၊ အမေကြီး နဂိုကဆိုကြောက်တယ်။ တစ်ခါ ဆေးရုံသွားပြကတည်းက သွေးပေါင်တွေ ကျပြီးတော့ ဂလူးကို့စ်တွေ ဘာတွေ ချိတ်ရတယ်။ အခုဒီမှာ ဝမ်းသာအားရလည်း ရှိတယ်။ အားလည်းပါတယ်။ အကုန်လုံး ကျေးဇူးတင်ပါတယ်၊ အဘွားကတော့ တာဝန်ရှိတဲ့လူတွေရော အကုန်ကျေးဇူးတင်ပါတယ်။ အဲဒီလိုလာပြီးတော့ သတ္တဝါတွေကို ကယ်ဆယ်တာ အမေကြီးတို့အကုန်လုံး ကျေးဇူးတင်ပါတယ်”ဟုပြောသည်။




“ဒီကျုံစုတ်ကျေးရွာမှာ နယ်လှည့်ဆေးကုသရေးအဖွဲ့ရောက်တယ်ကြားလို့ ကျွန်တော့်လက်မောင်းက အကျိတ်လေးကိုလာပြတာပဲဖြစ်ပါတယ်ခင်ဗျာ။ ဒီအကျိတ်က နှစ်နှစ်လောက်ရှိပါပြီခင်ဗျာ။ စာရေးတဲ့အခါမှာ လက်မောင်းကအကျိတ်က ခိုးလိုးခုလုနဲ့ကိုက်တယ်ခင်ဗျာ။ အဲဒါကြောင့် ဒီမှာလာရောက်ပြသရတာပဲဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော် ဒီမှာလာပြီးကုသတဲ့အချိန်မှာ ဆရာဝန်တွေကလည်း စိတ်ရှည်လက်ရှည်နဲ့ကုသပေးပါတယ်။ အဖိုးအခလည်းလုံးဝမယူဘူးဆိုတော့ ကျွန်တော့်အတွက် အဆင်ပြေပါတယ်ခင်ဗျာ။ အခုလိုမျိုးအဖိုးအခမယူဘဲ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေအားလုံးကိုလည်း ကျွန်တော် ကျေးဇူးအထူးပင်တင်ရှိပါတယ်ခင်ဗျာ။ နောက်ထပ်လည်း အခုလိုမျိုးနယ်လှည့်ဆေးကုသရေးအဖွဲ့တွေ ထပ်မံလာရောက်ကုသပေးဖို့ ကျွန်တော့်အနေနဲ့မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ”ဟုပြောသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Bogale Township ships 75,000 baskets of paddy to Yangon market



BOGALE January 18

"Local merchants and farmers from Bogale Township of Ayeyawady Region sent 75,000 baskets of 75-day matured paddy to Yangon market," said Daw Ei Ei Khaing, the owner of agricultural produce trading commodity in Bogale Township.

Daw Ei Ei Khaing commented: "Merchants from Bogale Township sold 75,000 baskets of paddy to Yangon market. Local merchants emphasize sale of paddy and other agricultural produce to Yangon market only. Moreover, demand from Yangon market is higher during the period. In addition, prices of paddy are higher. As such, merchants from Yangon market connect with local farmers to purchase paddy from Bogale Township."

Higher prices of paddy can improve socioeconomic life of local farmers and those in production change of paddy in Bogale Township.

**SMK**

# Shwebo Township finishes cultivation of more than 1,000 acres of cowpea this cold season

SHWEBO January 18

Statistics of Shwebo Township Agriculture Department stated that a total of 1,024 acres of cowpea has been planted in Shwebo Township of Sagaing Region this cold season."

Although local authorities set a plan to grow 4,831 acres of cowpea in cold season, local farmers planted 1,024 acres of bean starting from October 2024.

U Hsan Oo, Head of Shwebo Township Agriculture Department unveiled: "Farmers grow more than 1,000 acres of cowpea against the target of more than 4,000 acres of crops in Shwebo Township this cold season. They are trying hard to meet the target cultivation with the assistance of the Township Agriculture Department. They are eager to expand sown acreage of crops. The department provided quality seeds, inputs and post-harvest technology for the local farmers to boost per-acre yield of crops."

Farmers prefer to use Yezin-8 and Yezin-11 cowpea strains suitable for Shwebo Township. It needs to cost more than Ks-300,000 per acre of crops.

Officials of the Township Agriculture Department help local farmers for having higher per-acre yield of crops and quality crops. So, they use quality seeds, inputs and Trichoderma for boosting peracre yield of crops.

Sagaing Region cultivates a large sown acreage of pulses and beans across the nation. Local farmers grow beans as double and mixed crops for earning increased incomes.

**SK**

# Merchants from Nyaungdon Township sell corns to Yangon market



NYAUNGDON January 18

"Local merchants from Nyaungdon Township of Ayeyawady Region have sent 95,000 pieces of corns to Yangon market," said Daw Phyu Phyu Win, the owner of agricultural produce trading commodity in Nyaungdon Township.

Daw Phyu Phyu Win said: "We sold 95,000 pieces of corns to Yangon market. Demand from merchants in Yangon market is higher. Consequently, local labourers and those in production chain are convenient in their livelihoods. Corns from Nyaungdon Township are high quality."

Brokers from agricultural produce commodities in Nyaungdon Township purchase corns and supply them to Yangon market with the use of trucks. The domestic corns are free from pests.

**SK**

# More than 1,000 acres of butter bean harvested in Sagaing District

SAGAING January 18

A total of 1,153 acres of butter bean has been harvested in Sagaing District of Sagaing Region, according to Sagaing District Agriculture Department.

Local farmers started cultivation of butter bean on 1,153 acres of land in October this year. In this regard, Sagaing Township planted 989 acres of bean and Myinmu Township 164 acres, totalling 1,153. The crop yields 14.38 baskets per acre.

Daw Thida Lwin, Head of Sagaing District Agriculture Department commented: "So far, local farmers have harvested all sown acreage of butter team on 1,153 acres. They exceeded the target cultivation of crop. They prefer to grow butter bean in cold season, rather than monsoon. As butter bean fetches good prices, local farmers rely on such a bean for earning incomes for their families."

Farmers grow butter bean as mixed crop as well as double crops in the region.

Officials of relevant township Agriculture Department help local farmers use quality seeds and agricultural techniques for boosting per-acre yield of crops. Moreover, the department raises farmer awareness for prevention of pests, systematic use of fertilizers and harvesting the crops in time.

**SMK**

# More than 8,000 acres of maize and corns planted in Kalay Township

KALAY January 18

According to the statistics of Kalay Township Agriculture Department, a total of 8,130 acres of maize and corns have been planted in Kalay Township of Sagaing Region.

Local authorities earmarked cultivation of 1,525 acres of maize and 8,368 acres of corns, totalling 9,893 acres. But, local farmers planted the crops starting from October this year, placing 1,432 acres of croplands under maize and 6,698 acres under corns, totalling 8,130 acres against the target cultivation in 2024-2025 seasons.

U Naing Tun Win, Head of Kalay Township Agriculture Department disclosed: "Local authorities set a plan to grow more than 9,000 acres of maize and corns in the township. But, farmers have so far planted more than 8,000 acres of crops. They are trying hard to meet the target cultivation. Our department raises farmer awareness to successfully grow maize and corns in the township with prevention of pests."

This year, officials of the Kalay Township Agriculture Department conducted the training courses for local farmers and agricultural staff in order to enhance their capacity to grow maize and corns successfully, with prevention of FAW and other pests and making natural fertilizers and pesticides using traditional raw materials.



Maize and corns produce more than 50 baskets of maize per acre in Kalay Township. Farmers cost Ks-500,000 per acre of growing the crops. Corns produce 15,000 pieces of corns per acre, and farmers need to cost more than Ks-500,000 per acre of corns.

**SK**

# Kangyidaunt Township harvests more than 84,000 acres of monsoon paddy



KABGYIDAUNT January 18

"A total of 84,866 acres of monsoon paddy has been harvested in Kangyidaunt Township of Ayeyawady Region," said Daw Aye Aye Mu, Head of Pathein District Department of Agriculture.

Local farmers planted 143,971 acres of monsoon paddy this year. Starting from the first week of October, local farmers harvested monsoon paddy, So far they have harvested 84,866 acres of monsoon paddy, yielding 107.5 baskets of paddy per acre.

Daw Aye Aye Mu disclosed: "Our Department of Agriculture conducts field demonstrations for sharing correct agricultural techniques with local farmers to make soil preparation to grow crops and prevent snails as well as systematically use fertilizers so as to boost per-acre yield of crops. This year, local farmers planted marketable paddy strains. As they grow paddy early, they can harvest it in fine weather."

Officials from Department of Agriculture, Township Administration Body, Department of Irrigation and Land Utilization Management, Agricultural Mechanization Department and other relevant departments cooperated with local farmers in growing monsoon paddy in Kangyidaunt Township.

**SMK**

# Farmers finish reaping of maize and corns in ChaungU Township

CHAUNGU January 18

A total of 1,340 acres of maize and corns have been harvested in ChaungU Township of Sagaing Region, according to ChaungU Township Department of Agriculture.

Local farmers planted 1,340 acres of maize and corns as monsoon crops in ChaungU Township this year. So far, they have harvested the crops, yielding 45.35 baskets per acre of maize on 85 acres of land and 15,000 pieces of corns from 1,255 acres of land.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department said: "Local farmers planted 1,340 acres of maize and corns in ChaungU Township this year. They have so far harvested all sown acreage of crops. They could grow crops exceeding the target cultivation. Our department helped local farmers prevent pests."

The Department of Agriculture of the township conducted training courses for local farmers and agricultural staff to enhance their capacity to grow maize and corns in the region successfully. Moreover, the department organized the field remonstration, prevention of pests including FAW and making process of natural fertilizers and pesticides with the use of raw materials.

Local farmers cost Ks-500,000 per acre of maize and more than Ks-500,000 per acre of corns.

**SK**

# Cultivation of more than 4,000 acres of black gram finishes in Monywa District

MONYWA January 18

Statistics of Monywa District Agriculture Department mentioned that a total of 4,648 acres of black gram has been planted in Monywa District of Sagaing Region.

Monywa District earmarked 4,750 acres of black gram as cold season crops in 2024-2025 season but farmers planted 4,648 acres of crops against the target.Daw San San Myint, Head of Monywa District Agriculture Department, commented: "This year, authorities adopted a plan to grow more 4,700 acres of black gram, more than 4,600 acres of which has been placed under black gram by local farmers. Our department provides assistance for local farmers to apply agricultural techniques and take preventive measures of pests."

This year, Monywa Township completed cultivation of 864 acres of black gram, Budalin Township 35 acres, Ayadaw Township 2,942 acres and ChaungU Township 807 acres, totalling 4,648 acres.

With regard to the agricultural plans, Monywa Township earmarked 850 acres of black gram, Budalin Township 50 acres, Ayadaw Township 3,050 acres and ChaungU Township 800 acres, totalling 4,750 acres.

Officials of relevant township departments of agriculture help local farmers use quality strains of seeds, apply agricultural technology, prevent pests and systematically use fertilizers.

Moreover, agricultural staff members from relevant townships cooperate with local farmers in using necessary quality seeds, inputs and post-harvest technology to boost per-acre yield of crops.

**SMK**

# US national debt reaches US$-36.174 trillion ahead of Trump's inauguration

MOSCOW January 18

In mid-January, the US national debt reached US$-36.174 trillion, or US$-106,400 per American, Sputnik calculated, according to the US Treasury Department data.

On January 20, Donald Trump will be inaugurated, returning to the White House as the 47th president of the United States after four years of Democrat Joe Biden. Trump will take office amid problematic conditions.

In 2024, the US national debt increased by seven percent, or US$-2.4 trillion. This is 8.3 times more than the entire Russian national debt of 286.3 billion.

For example, the US share of the global economy fell below 15 percent for the first time under Biden, and at the end of his term will be the lowest in modern history – 14.76 percent, Sputnik calculated, according to World Bank and IMF figures.

The national debt during Joe Biden's presidency has grown from US$-28 trillion in 2021 to the current record of more than US$-36 trillion. One of the main reasons is chronic budget deficits.

**Sputnik**



# Vehicles carrying S. Korean President Yoon arrives at detention center

SEOUL January 18

Vehicles carrying the arrested South Korean President Yoon Suk-yeol arrived at the Seoul Detention Center, about 20 km south of Seoul, TV footage showed Saturday.

The convoy, escorted by the police and the presidential security service, drove into the detention center after Yoon attended a hearing at the Seoul Western District Court to decide whether to detain the already apprehended leader for up to 20 days.

Yoon will await the result at the detention center, where he has been in custody since he was arrested in presidential office and became the country's first sitting president to be detained on Wednesday.

If the warrant is issued, Yoon's detention will be extended to up to 20 days including the arrest period. If not, Yoon will be released and return to the presidential office.

The impeachment motion against Yoon was passed in the National Assembly on December 14 last year and was delivered to the constitutional court to deliberate it for up to 180 days, during which Yoon's presidential power is suspended.

Yoon, who was named by investigative agencies as a suspected ringleader on insurrection charge, declared a martial law on the night of December 3, but it was revoked by the National Assembly hours later.

**Xinhua**

# Would a US invasion of Greenland make sense?



NUUK January 18

A US invasion of Greenland would not make sense, since Washington already has unlimited access to the island, Pele Broberg, the leader of the opposition Naleraq party in Greenland's parliament and former foreign minister, told Sputnik.

"If the US attack Greenland, what would they attack? What's there to attack? The Danish Navy that's over in two seconds? And the next line of defense is the Americans. So... Americans shooting at Americans? The US have today unrestricted access to Greenland. So it [a military scenario] doesn't make any sense at all," Broberg said.

The United States has several military bases on the island. However, Broberg could not say how many US troops are currently stationed on the island.

Earlier in January, US President-elect Donald Trump's National Security Advisor designate Mike Waltz said Trump is ready to consider all possible options regarding Greenland, including the use of force.

US President-elect Trump, due to assume office on January 20, has called it "an absolute necessity" for the US to own Greenland. Greenlandic Prime Minister Mute Egede said in response that the island was not for sale.

**Sputnik**

# Firefighters continue to contain wildfires in Southern California as winds fade

LOS ANGELES January 18

Thousands of firefighters were still working hard battling the two major wildfires in Southern California on Friday as winds fade in the area.

Local authorities confirmed that fierce wildfires across Southern California have killed at least 27 people and destroyed at least 12,300 structures after more than a week.

The Palisades Fire, the largest active wildfire in the Los Angeles region, has scorched 23,713 acres (95.96 square km). The fire, which broke out on January 7, is 31 percent contained, up from 22 percent early Thursday.

"Overnight and this morning, cooler temperatures, light winds and good humidity were observed," said the California Department of Forestry and Fire Protection (Cal Fire) in an update Friday morning, adding that "Crews continue to establish and improve containment lines to minimize fire spread around structures that are within the controlled areas, as well as provide for the safety of the public and incident personnel."

Another major active fire, the Eaton Fire, was 65 percent contained as of Friday morning, up from 55 percent a day earlier. The deadly fire has burned 14,117 acres (57.1 square km) near Altadena and Pasadena.

Cal Fire said that firefighters continue to work on constructing and improving containment lines in steep, inaccessible terrain in the area.

The fire's containment continues to grow, and the fire is expected to stay within its current footprint, according to Cal Fire.

Local officials said as many as 11,000 residents would be able to return to their neighborhoods after some evacuation orders were lifted on Thursday. But people are required to show proof of residency to access the areas while some other zones devastated by the wildfires will still not open to the public.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 20 I'm going to (do)

### Exercises

**20.2 Complete the sentences using** I'm going to … / I'm not going to … . **Choose from:**

| complain | learn | run | say | try | wash | not/accept | not/eat | not/tell |
|---|---|---|---|---|---|---|---|---|

1 This cheese smells horrible. I'm not going to eat it.
2 I haven't been trying hard enough. From now on ........................................harder.
3 I have to make a speech tomorrow, but I don't know what ........................................ .
4 'The car is very dirty.' 'I know. ........................................it.'
5 I've been offered a job, but ........................................it. The pay is too low.
6 ........................................a language, but I haven't decided yet which one.
7 One day ........................................in a marathon. It's my ambition.
8 The food in this restaurant is awful........................................ .
9 Ben doesn't need to know what happened, so ........................................ him.

**20.3 What is going to happen in these situations? Use the words in brackets.**

1 There are a lot of black clouds in the sky.
(rain) It's going to rain.
2 It is 8.30. Tom is leaving home. He has to be at work at 8.45, but the journey takes 30 minutes.
(late) He ........................................ .
3 There is a hole in the bottom of the boat. A lot of water is coming in through the hole.
(sink) The boat........................................ .
4 Amy and Ben are driving. The tank is nearly empty. It's a long way to the nearest petrol station.
(run out) They........................................ .
5 Sarah's car was badly damaged in an accident. Now it has to be repaired.
(cost a lot) It........................................ to repair the car.

**20.4 Complete the sentences with** was/were going to. **Choose from:**

| be | buy | give | up | phone | play | say | travel |
|---|---|---|---|---|---|---|---|

1 We were going to travel by train, but then we decided to go by car instead.
2 I ........................................some new clothes yesterday, but I didn't have time to go to the shops.
3 Tom and I ........................................tennis last week, but he'd hurt his knee and had to cancel.
4 I ........................................Jane, but I sent her an email instead.
5 I thought the exam ........................................hard, but it was easier than I expected.
6 Peter ........................................ his job, but in the end he decided to stay wherehe was.
7 I'm sorry I interrupted you. What ........................................you ........................................?

**Raymond Murphy**

# ရုရှားနှင့်အမေရိကန်တို့ကြားသဘောတူညီချက် ချမှတ်လုနီးပါးဖြစ်ခဲ့သည့် Beriev Be-200 မီးသတ်လေယာဉ် သို့မဟုတ် လော့အိန်ဂျလိတောမီးကိုငြိမ်းသတ်ရာတွင် အလွန်အထောက်အကူပြုစေမည့် ရုရှား၏အစွမ်းထက်လက်နက်

နိုင်အောင်

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိတွင် ဇန်နဝါရီလ ၇ ရက်က စတင်ပြီး ၁၁ ရက်ကြာ ဆက်လက်လောင်ကျွမ်းနေသည့် တောမီးများသည် အဖျက်စွမ်းအားကြီးမားလှကြောင်း လက်ရှိအချိန်အထိ သက်သေပြလျက်ရှိသည်။ တောမီးလောင်ကျွမ်းမှုများကြောင့် လူ ၂၇ ဦးခန့် သေဆုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများမှာ ဒေါ်လာဘီလီယံနှင့်ချီလာနိုင်ကြောင်း သုံးသပ်ပြောဆိုမှုများ ထွက်ပေါ်လျက်ရှိသည်။

အမေရိကန်မီးသတ်တပ်ဖွဲ့ဝင်များသည် တောမီးများအား ငြိမ်းသတ်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိသော်လည်း မီးကိုအပြီးသတ်ငြိမ်းသတ်နိုင်ရန် ရုန်းကန်နေရသည့်အခြေအနေတွင်ရှိနေသည်။ တောမီးလောင်ကျွမ်းမှုအတွင်း အဆောက်အအုံအနည်းဆုံး ၁၂၀၀၀ ခန့် ပျက်စီးခဲ့ရပြီး ထောင်ပေါင်းများစွာသော ဒေသခံများမှာ အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။ ထို့ပြင် အခြားထောင်ပေါင်းများစွာကိုလည်း အာဏာပိုင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် တိုက်တွန်းခဲ့ရသည်။

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ယခုရက်သတ္တပတ်အတွင်းက ရုရှားစီးပွားရေးမီဒီယာတစ်ခုက ထုတ်ဖော်ပြောကြားလိုက်သည့်အချက်ဖြစ်သည်။ ရုရှားနှင့် အမေရိကန်တို့သည် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ရုရှားနိုင်ငံလုပ် Beriev Be-200 မီးသတ်လေယာဉ် ၁၀ စင်းကို အမေရိကန်နိုင်ငံကဝယ်ယူရန် စေ့စပ်ဆွေးနွေးခဲ့သည်ဟုဆိုသည်။



ရုရှားနိုင်ငံလုပ် Beriev Be-200 မီးသတ်လေယာဉ်များသည် မီးသတ်ရာတွင်အသုံးပြုမည့်ရေနှင့် မီးငြိမ်းသတ်နိုင်သည့် ဓာတုပစ္စည်း တန်ချိန်ပေါင်း ၁၂ တန်ကိုသယ်ဆောင်နိုင်စွမ်းရှိသည်။ ထို့ပြင် ရေလှောင်တမံများ၊ ရေကန်များ သို့မဟုတ် သမုဒ္ဒရာများမှ ရေကိုလည်း အချိန်တိုအတွင်း ပြန်လည်ဖြည့်သွင်းပေးနိုင်သည်။ တစ်နာရီလျှင် ၇၀၀ ကီလိုမီတာအရှိန်နှုန်းဖြင့် အကွာအဝေး ၂၁၀၀ ကီလိုမီတာအထိ မောင်းနှင်ပျံသန်းနိုင်သည်။ ထို့ကြောင့် လော့အိန်ဂျလိတောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရာတွင် Beriev Be-200 မီးသတ်လေယာဉ်များကို အသုံးပြုမည်ဆိုပါက အခေါက်ပေါင်းများစွာပျံသန်းမောင်းနှင်နိုင်မည်ဖြစ်ပြီး ရေတန်ချိန် ၅၀ ကျော်ကို ပက်ဖျန်းပေးနိုင်မည်ဖြစ်သည်။ သို့ရာတွင် ရုရှားမီးသတ်လေယာဉ်များအား အမေရိကန်သို့ပေးပို့ခါနီးမှ အမေရိကန်ပြည်ထောင်စု လေယာဉ်ပျံသန်းရေးစီမံခန့်ခွဲမှုအဖွဲ့၏ ကဖျက်ယဖျက်လုပ်ဆောင်မှုကြောင့် လေယာဉ်ရောင်းချရေးသဘောတူညီချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ပျက်ပြားခဲ့ရသည်။

အဆိုပါသဘောတူညီချက်ပျက်ပြားရခြင်းကို ကြည့်ခြင်းအားဖြင့် နိုင်ငံရေးသည် သာမန်အသိဖြင့် လုပ်ဆောင်သည့် ဆောင်ရွက်ချက်များအပေါ် ထိခိုက်စေခဲ့ခြင်းဖြစ်သည်ဟု Beriev ၏ မိခင်ကုမ္ပဏီဖြစ်သည့် Rostec ကထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်တို့အနေဖြင့် မီးငြိမ်းသတ်ရာတွင် အစွမ်းထက်သည့် Beriev Be-200 လေယာဉ်များကို ထိုအချိန်ကတည်းက ဝယ်ယူနိုင်ခဲ့မည်ဆိုပါက လက်ရှိဆက်လက်ဖြစ်ပွားနေသည့် လော့အိန်ဂျလိတောမီးကြောင့် ဖြစ်ပေါ်လာခဲ့သည့် အပျက်အစီးများကို သိသိသာသာလျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ သို့သော် အမေရိကန်ပြည်သူအများအပြားမှာ နိုင်ငံရေးကစားကွက်၏ သားကောင်များဖြစ်ခဲ့ရသည်ကို စာနာကြောင်း Rostec ကုမ္ပဏီက ဆက်လက်ပြောကြားထားသည်။

Beriev Be-200 မီးသတ်လေယာဉ်များသည် အီတလီ၊ ပေါ်တူဂီ၊ အင်ဒိုနီးရှား၊ ဂရိ၊ အစ္စရေးနှင့် တူကီယဲနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုများတွင် ထိရောက်စွာမီးငြိမ်းသတ်နိုင်ခဲ့သည့် ဂုဏ်သတင်းကြီး မီးသတ်လေယာဉ်တစ်စင်းဖြစ်သည်။

Ref: Sputnik

## Space and Defense Technology

### မျိုးဆက်သစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ် ထုတ်လုပ်မှုကို တောင်ကိုရီးယားစတင်



တောင်ကိုရီးယားကာကွယ်ရေးပစ္စည်းဝယ်ယူရေးနှင့် လက်နက်အစီအစဉ် စီမံခန့်ခွဲရေးအဖွဲ့ (DAPA) သည် နိုင်ငံ၏ မျိုးဆက်သစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်တစ်ခုထုတ်လုပ်မှုကို စတင်လိုက်ပြီဖြစ်သည်။

L-SAM II ဟုအမည်ပေးထားသည့်အဆိုပါ တာဝေးပစ်ဒုံးကျည်စနစ်ထုတ်လုပ်ရေးအတွက် DAPA က လာမည့် ၂၀၂၈ ခုနှစ်အထိ ဝမ် ၅၆၇ ဒသမ ၇ ဘီလီယံ (ဒေါ်လာ ၃၈၉ ဒသမ ၈ သန်း) အသုံးပြုမည်ဖြစ်သည်။ ၎င်းအစီအစဉ်တွင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ ၁၉ ခုပါဝင်မည်ဖြစ်သည်။

L-SAM II ဒုံးကျည်စနစ်သည် ယခင် L-SAM စနစ်ထက် ပိုမိုဝေးကွာသည့် အကွာအဝေးမှ ပျံသန်းလာသည့် ဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်မည်ဖြစ်သည်။ ထို့ပြင် L-SAM ဒုံးကျည်စနစ်သည် အကွာအဝေး ၁၅၀ ကီလိုမီတာ၊ မြေပြင်မှ အမြင့် ၄၀ ကီလိုမီတာနှင့် ၁၀၀ ကီလိုမီတာကြား ပျံသန်းလာသည့် ဒုံးကျည်များကို ကြားဖြတ်ဟန့်တားရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ L-SAM II ဒုံးကျည်စနစ်ထုတ်လုပ်မည့်အစီအစဉ်ကို DAPA က ဇန်နဝါရီလ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး Korean Iron Dome ဟု အမည်ပေးထားသည့် အနိမ့်ပျံဒုံးကျည်ကာကွယ်ရေးစနစ် တစ်ခုကိုလည်း ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

N.A

### အင်ဒိုနီးရှားသို့ BRAHMOS ဒုံးကျည်များတင်ပို့ရန် အိန္ဒိယနှင့်ရုရှားတို့က သဘောတူ

BRAHMOS ခရုဒုံးကျည်များကို အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့မည့်အစီအစဉ်တစ်ရပ်ကို အိန္ဒိယနှင့် ရုရှားနိုင်ငံတို့က သဘောတူညီခဲ့ပြီဖြစ်ကြောင်း အိန္ဒိယမီဒီယာတစ်ခုက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖော်ပြခဲ့သည်။

ဒုံးကျည်များရောင်းချမည့် အဆိုပါအစီအစဉ်သည် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဗြန်တိုက အိန္ဒိယနိုင်ငံသို့ လာရောက်မည့်ခရီးစဉ်မတိုင်မီ ထွက်ပေါ်လာခြင်းဖြစ်သည်။

BRAHMOS ခရုဒုံးကျည်များ ဝယ်ယူနိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယ၊ ရုရှားနိုင်ငံတို့နှင့် အနည်းဆုံး ၇ နှစ်ကြာ စေ့စပ်ဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးမှုတွင် ရုရှားနိုင်ငံပိုင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည့် Rosoboronexport လည်းပါဝင်ကြောင်း Hindustan Times က အဆိုပါအရောင်းအဝယ်ကိစ္စနှင့် နီးစပ်သည့် သတင်းအရင်းအမြစ်၏ ပြောကြားချက်ကို ကိုးကား၍ဖော်ပြသည်။

အိန္ဒိယ၊ ရုရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဒေါ်လာ သန်း ၄၅၀ တန်ဖိုးရှိ အဆိုပါဒုံးကျည်များ ရောင်းချမည့်အစီအစဉ်အား သဘောတူညီပြီးဖြစ်သည်။ လက်နက်ရောင်းချရေးနှင့် စပ်လျဉ်းသည့် တရားဝင်ထုတ်ပြန်ချက်ကို မကြာမီထုတ်ပြန်လာနိုင်သည်။

အင်ဒိုနီးရှားနိုင်ငံသို့ BRAHMOS ခရုဒုံးကျည်များရောင်းချရန် သဘောတူညီချက်သည် အင်ဒိုနီးရှားနိုင်ငံက BRICS အဖွဲ့တွင် တန်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ထုတ်ပြန်ချက်များအရ အဆိုပါဒုံးကျည်များ ဝယ်ယူရန်အတွက် အိန္ဒိယနိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ ချေးငွေပေးအပ်ရန် ကမ်းလှမ်းမည်ဖြစ်ကြောင်းသိရသည်။

N.A RT




### ရည်မှန်းချက်ကြီးမားလှသည့် အာကာသမစ်ရှင်များကို ၂၀၂၅ ခုနှစ်တွင် တရုတ်လုပ်ဆောင်မည်

တရုတ်နိုင်ငံသည် ကမ္ဘာမြေအနီးရှိ ဂြိုဟ်သိမ်တစ်ခုမှ နမူနာအသစ်များကို ကမ္ဘာမြေဆီသို့ ပြန်လည်သယ်ဆောင်မည့်မစ်ရှင်နှင့် အာကာသယာဉ်၊ ဒုံးပျံနှင့် ဂြိုဟ်တုအသစ်များကို ထုတ်ဖော်ပြသမည့်အစီအစဉ်များအပါအဝင် ရည်မှန်းချက်ကြီးမားလှသည့် အာကာသမစ်ရှင်များကို ၂၀၂၅ ခုနှစ်အတွင်း လုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံ၏အဆိုပါမစ်ရှင်များသည် နက်ရှိုင်းသော အာကာသအတွင်းပိုင်းအထိ နက်ရှိုင်းစွာ စူးစမ်းလေ့လာနိုင်သည့် စွမ်းဆောင်ရည်များကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ပိုမိုကောင်းမွန်သောစီးပွားဖြစ် အာကာသဝန်ဆောင်မှုများအတွက်လည်း ခိုင်မာသောအုတ်မြစ်တစ်ခုကိုချပေးနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် 2016HO3 ဟု အမည်ပေးထားသော ကမ္ဘာမြေအနီးရှိ ဂြိုဟ်သိမ်တစ်ခုမှ နမူနာများပြန်လည်သယ်ဆောင်မည့်မစ်ရှင်၊ အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကြားပင်မဂြိုဟ်သိမ်ခါးပတ်ရှိ 311P ဟု အမည်ပေးထားသော ကြယ်တံခွန်တစ်ခု၏ ပတ်လမ်းအတွင်း စူးစမ်းလေ့လာမှုများလုပ်ဆောင်မည့် Tianwen-2 အာကာသ စူးစမ်းလေ့လာရေးယာဉ်တို့ကို ယခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။

Xinhua

# သမ္မတပူတင်၏ အိန္ဒိယခရီးစဉ်အတွက် အချိန်ကာလသတ်မှတ်ခြင်းကို အိန္ဒိယနှင့်ရုရှားတို့က အပြီးသတ်လုပ်ဆောင်



**နယူးဒေလီ၊ နိုင်ငံရေး**

အိန္ဒိယနှင့်ရုရှားနိုင်ငံတို့သည် သမ္မတ ဗလာဒီမာပူတင်၏ အိန္ဒိယခရီးစဉ်အတွက် အချိန်ကာလသတ်မှတ်ခြင်းကို အပြီးသတ် လုပ်ဆောင်လျက်ရှိကြောင်း အိန္ဒိယပြည်ပ ရေးရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ရုရှား နိုင်ငံ ကာဇန်မြို့တွင် ပြီးခဲ့သည့်နှစ်အတွင်းက ကျင်းပသည့် BRICS ထိပ်သီးဆွေးနွေးပွဲ၌ နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်ရန် သမ္မတပူတင်အား ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံ နယူးဒေလီ မြို့တော်သို့ သမ္မတပူတင်လာရောက်မည့် ခရီးစဉ် နေ့ရက်အတိအကျသတ်မှတ်နိုင်ရန် နှစ်နိုင်ငံစလုံးက သံတမန်နည်းလမ်းများအရ လုပ်ဆောင်လျက်ရှိသည်။ နှစ်နိုင်ငံကြား နောက်ဆုံးကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းက ရုရှား နိုင်ငံ မော်စကိုမြို့တော်၌ကျင်းပခဲ့ပြီး ယင်းနှစ်အောက်တိုဘာလတွင် ကာဇန်မြို့၌ ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ရေနံကို အဓိကဝယ်ယူတင်သွင်းနေသည့် နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်းမှာပင် ဒေါ်လာ ၆၅ ဘီလီယံအထိမြင့်တက်လာ ခဲ့သည်။ ယင်းပမာဏမှာ သာမန်ထက် ၅ ဆ ပိုမိုမြင့်တက်လာခြင်းဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုသည် လာမည့် ၂၀၃၀ ပြည့်နှစ် တွင် ဒေါ်လာ ၁၀၀ ဘီလီယံအထိ မြင့်တက် လာစေရန် သမ္မတပူတင်နှင့်ဝန်ကြီးချုပ် မိုဒီတို့က ဆုံးဖြတ်ထားကြောင်းသိရသည်။

Ref: RT

# အာဇော့ပင်လယ်အားပိုင်ဆိုင်စေရန် လုပ်ဆောင်မည့် မည်သည့် ကြိုးပမ်းမှုမျိုးကိုမဆို နှိမ်နင်းသွားမည်ဟု ရုရှားသတိပေး

**မော်စကို၊ နိုင်ငံရေး**

အာဇော့ပင်လယ်သည် ရုရှားနိုင်ငံပိုင် ဖြစ်သောကြောင့် အဆိုပါပင်လယ်အား ၎င်းတို့ပိုင်အဖြစ်ကြေညာသည့် မည်သည့် ကြိုးပမ်းမှုမျိုးကိုမဆို နှိမ်နင်းသွားမည်ဖြစ် ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီလ ၁၈ ရက်တွင် သတိပေးပြောကြားသည်။

ဒိုးနက်စ်ပြည်နယ်နှင့် ခါဆွန်ပြည်နယ် တို့က ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ရုရှား နှင့်ပူးပေါင်းခဲ့ခြင်းကြောင့် အာဇော့ပင်လယ် သည် ရုရှားနိုင်ငံအတွင်းရှိပင်လယ်တစ်ခုဖြစ် လာကြောင်း၊ အဆိုပါပင်လယ်ရှိရေပိုင်နက် များအားပိုင်ဆိုင်သည်ဟူသော ပြောဆို ထုတ်ပြန်မှုမျိုးသည် ရုရှားနိုင်ငံ၏ပြည်တွင်း ရေးကို ချိုးဖောက်ခြင်းဖြစ်သောကြောင့် ရုရှားနိုင်ငံက ထိုသို့သောလုပ်ဆောင်မှုများ ကို နှိမ်နင်းသွားမည်ဖြစ်ကြောင်း မာရီယာ ဇာခါရိုဗာက ပြောကြားခြင်းဖြစ်သည်။

ဗြိတိန်နှင့်ယူကရိန်းနိုင်ငံတို့က ၎င်းတို့ နှစ်နိုင်ငံကြား နှစ် ၁၀၀ မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်တစ်ရပ်ကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက လက်မှတ်ထိုးခဲ့ ပြီး ၎င်းတို့အနေဖြင့် ဘောတစ်ပင်လယ်၊ ပင်လယ်နက်နှင့် အာဇော့ပင်လယ်များ အတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုတိုးမြှင့် လုပ်ဆောင်ရန်ဆုံးဖြတ်ခဲ့ပြီးနောက် ရုရှား အစိုးရ၏တုံ့ပြန်မှု ထွက်ပေါ်လာခြင်းဖြစ် သည်။

ဗြိတိန်အစိုးရသည် အဆိုပါပင်လယ် များအတွင်း ရေရှည်အခြေချခွင့်ရရှိရန် ဆန္ဒရှိနေပြီး အထူးသဖြင့် အာဇော့နှင့် ပင်လယ်နက်မြေနိမ့်ချိုင့်ဝှမ်းများအတွင်း အခြေချခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း ရုရှားက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Sputnik



## နိုင်ငံတကာသတင်းတိုကဏ္ဍ

### ဟော့ကိုင်းဒိုးကျွန်းတွင် နှင်းထုအားဖယ်ရှားရာမှ မတော်တဆမှုဖြစ်ပွားမှုများကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းတွင် နေအိမ်အပေါ်ကျနေသည့် နှင်းထုအား ဖယ်ရှားရာမှ မတော်တဆမှုဖြစ်ပွားမှုများ ကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိသွားကြောင်းသိရသည်။

အဆိုပါမတော်တဆမှုသည် ဇန်နဝါရီလ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ်၂၀ ခန့်တွင် အီဝါမီဇာဝါမြို့၌ဖြစ်ပွား ခဲ့ခြင်းဖြစ်ပြီး အသက် ၈၈ နှစ်အရွယ် အမျိုးသားကြီးတစ်ဦးက နေအိမ်ခေါင်မိုး အပေါ်ကျရောက်နေသည့် နှင်းထုအား ဖယ်ရှားရန်ကြိုးပမ်းရာမှ အောက်သို့ပြုတ် ကျခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နောက်ပိုင်းတွင် ဘီဖူကာမြို့ရှိ အသက် ၇၀ နှစ်အရွယ်အမျိုးသမီးကြီး တစ်ဦးက ၎င်း၏နေအိမ်ခေါင်မိုးပေါ်ရှိ နှင်းများကို ဖယ်ရှားရှင်းလင်းနေစဉ် အောက်သို့ပြုတ်ကျရာမှ သေဆုံးသွားခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သည်။ အလားတူပင် အသက် ၇၃ နှစ်အရွယ် အချိန်ပိုင်းအလုပ်သမားတစ်ဦးသည် ကုမ္ပဏီတစ်ခု၏ ကားဂိုဒေါင်အမိုးမှ နှင်း များအားရှင်းလင်းရာမှ ပြုတ်ကျခဲ့ရာ ဒဏ်ရာအပြင်းအထန်ရရှိသွားကြောင်း သိရသည်။

Ref: Xinhua

### ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဓာတ်အားပေးစက်ရုံ တစ်ခုအနီးတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား

အမေရိကန်ပြည်ထောင်စု ကယ်လီ ဖိုးနီးယားပြည်နယ်ရှိဓာတ်အားပေးစက်ရုံ တစ်ခုအနီးတွင်မီးလောင်ကျွမ်းမှုဖြစ်ပွားရာ အာဏာပိုင်များက ဒေသခံပြည်သူများကို ညတွင်းချင်းဘေးကင်းရာသို့ ရွှေ့ပြောင်း ပေးခဲ့ရကြောင်းသိရသည်။

မီးလောင်ကျွမ်းမှုသည် မွန်ထရီဘေး မြို့ရှိ Moss Landing ဓာတ်အားပေးစက်ရုံ ၏ ဓာတ်အားသိုလှောင်ရုံတွင်ဖြစ်ပွားခြင်း ဖြစ်ပြီး ဒေသခံများအား အာဏာပိုင်အဖွဲ့ က Castroville အပန်းဖြေစင်တာသို့ ပို့ဆောင်ပေးခဲ့ရသည်။

Moss Landing ဓာတ်အားပေးစက်ရုံ သည် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံဖြစ်ပြီး ၂၀၂၂ ခုနှစ်မှစ၍လည်ပတ်ခဲ့ ခြင်းဖြစ်သည်။ မည်သည့်အကြောင်းရင်း ကြောင့်မီးလောင်ကျွမ်းမှုဖြစ်ပွားရသည်ကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက် ရှိသည်။

Ref: Xinhua

### ကွေ့ကျိုးပြည်နယ်ရှိ ဟွားကျန်းလျှို့မြောင်တံတားကြီးက ကမ္ဘာ့အမြင့်ဆုံး တံတားကြီးဖြစ်လာမည်

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်ရှိဟွားကျန်းလျှို့မြောင် တံတားကြီးသည် ကမ္ဘာ့အမြင့်ဆုံးတံတား ကြီးဖြစ်လာမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါတံတား၏ ပင်မအဆောက် အအုံတည်ဆောက်မှုလုပ်ငန်းကို တာဝန်ရှိ သူများက ဇန်နဝါရီလ ၁၇ ရက်တွင် အပြီးသတ်ခဲ့ပြီဖြစ်သည်။

အဆိုပါတံတားကြီးမှာ လက်ရှိ တည်ဆောက်ဆဲ ဟွားကျန်းလျှို့မြောင် တံတားကြီး၏အပိုင်းများကို ချိတ်ဆက် လျက် အလေးချိန် ၂၁၅ တန်ရှိသော နောက်ဆုံးသံမဏိရက်မကို ဇန်နဝါရီလ ၁၇ ရက် မွန်းလွဲပိုင်းက တံတားပေါ်တွင် အတိအကျနေရာချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Xinhua

# အီရန်တရားရုံးချုပ်မှတရားသူကြီးနှစ်ဦးအား အမည်မသိသေနတ်သမားတစ်ဦးက တိုက်ခိုက်သတ်ဖြတ်



**တီဟီရန်၊ အကြမ်းဖက်မှု**

အီရန်တရားရုံးချုပ်မှတရားသူကြီးနှစ်ဦး အား အမည်မသိသေနတ်သမားတစ်ဦးက တိုက်ခိုက်သတ်ဖြတ်သွားကြောင်း IRNA သတင်းအေဂျင်စီက ဇန်နဝါရီလ ၁၈ ရက် တွင်ဖော်ပြသည်။

သေနတ်သမားသည် ပစ်ခတ်တိုက်ခိုက် ပြီးနောက်ပိုင်းတွင် အာဏာပိုင်များက ၎င်းအားဖမ်းဆီးရန်ကြိုးပမ်းစဉ်မိမိကိုယ်ကို သတ်သေသွားခဲ့ကြောင်းသိရသည်။

သေနတ်သမား၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားရသည့် တရားသူကြီးများမှာ တရားရုံးချုပ်ရှိဌာနခွဲများတွင် တာဝန်ထမ်း ဆောင်နေသူများဖြစ်ပြီး ၎င်းတို့သည် အမျိုးသားလုံခြုံရေးအတွက် အန္တရာယ် ကျရောက်စေမည့်မှုခင်းများကို တိုက်ဖျက် ရာတွင် နက်ရှိုင်းစွာပါဝင်နေသူများဖြစ် ကြောင်း အာဏာပိုင်အဖွဲ့ကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုသည် လွန်ခဲ့သည့် နှစ်ကတည်းက ကြိုတင်စီစဉ်ထားသည့် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း အီရန် အစိုးရအဖွဲ့မှတာဝန်ရှိသူများကပြောကြား ထားကြောင်းသိရသည်။

Ref: RT

## ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ်-၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှု မြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

---

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

---

# သာယာဝတီမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

သာယာဝတီ ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီမံမှုဖြင့် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ ဈေးသူ၊ ဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေး အသိသတိရှိကြစေရန်၊ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက လက်တွေ့လုပ်ဆောင်နိုင်စေရန်ရည်ရွယ်၍ သာယာဝတီမြို့ မြို့မဈေးကြီးနှင့် သုံးဆယ်မြို့မဈေးတို့၌ မီးသတိမူရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြုလုပ်သည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးခင်မောင်လတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ဦးနှင့်တာဝန်ရှိသူများက မီးလောင်မှုဖြစ်ပွားရာ၌ ကနဦးဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများ၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးလောင်မှုဖြစ်ပွားပြီး ရှာဖွေကယ်ဆယ်ခြင်းကဏ္ဍတို့ကို ဈေးသူ၊ ဈေးသားများ၊ သန္နွေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်တို့ဖြင့် သရုပ်ပြသဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန္နွေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

---

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကိုဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၉)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကျင်းပမည်


**ရန်ကုန် ဇန်နဝါရီ ၁၈**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၉) နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီလ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထွန်း၏ ပြောကြားချက်အရ သိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၉) နှစ်ပြည့် နှစ်ပတ်လည်သည် ဇန်နဝါရီလ ၂၅ ရက်တွင် ကျရောက်မည်ဖြစ်ပြီး အထိမ်းအမှတ်ပွဲတော်ကို သုံးရက်တိုင်တိုင် ပျော်ရွှင်စရာအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

"နှစ်ပတ်လည်ပွဲမှာ တိရစ္ဆာန်တွေကို ပြကွက်အလိုက်ပြမယ်။ ပညာပေးအနေနဲ့က Education ဌာနက ပညာပေးပြခန်းတွေပြမယ်။ သဘာဝသမိုင်းပြတိုက်မှာလည်း ကလေးတွေအတွက် ကစားစရာအစီအစဉ်နဲ့ မျက်လှည့်တွေ ထည့်သွင်းပြသမှာပါ။ ဒါ့ပြင် ဂီတဖျော်ဖြေပွဲနဲ့ ဈေးရောင်းပွဲတော်တွေလည်း ပါဝင်မှာဖြစ်ပါတယ်"ဟု ဦးသန်းမြင့်ထွန်းကပြောသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် အရှေ့တောင်အာရှဒေသ၌ သက်တမ်းအရှည်ဆုံးဥယျာဉ်တစ်ခုဖြစ်ပြီး ၁၉၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့်အတွက် ယခုနှစ်တွင် (၁၁၉) နှစ်ပြည့်မြောက်ခြင်းဖြစ်သည်။ လက်ရှိတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားပြီး နို့တိုက်သတ္တဝါ ၄၄ မျိုး၊ ကျေးငှက် ၇၂ မျိုးနှင့် တွားသွားသတ္တဝါအမျိုးပေါင်း ၂၀ စုစုပေါင်း ၁၃၆ မျိုးရှိကာ အကောင်ရေ ၁၄၀၀ ခန့်ရှိကြောင်း သိရသည်။ **စောယု**



# ပုဇွန်တောင်မြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မီးလောင်မှု မီးလန့်မှုများမဖြစ်ပေါ်စေရေး၊ ဖြစ်ပေါ်လာပါက အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရေးနှင့် မီးလောင်မှု လျော့နည်းစေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန် မြို့နယ်အတွင်းရှိ ဈေးများ၊ ဆိုင်များ၊ ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများနှင့်ကျောင်းများတွင် အသိပညာပေးလျက်ရှိရာ ဇန်နဝါရီလ ၁၇ ရက်က အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်းနှင့်လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်သည်။



ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး ထိန်းသိမ်းထားသိုနည်းများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုပုံနှင့် အသုံးဝင်ပုံများ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနှင့် ပတ်သက်၍ အရေးပေါ်မီးလောင်မှုဖြစ်ပေါ်လာပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ဂက်စ်မီးဖိုအသုံးပြုသူများ အနေဖြင့် မီးလောင်မှုဖြစ်ပေါ်လာပါက အရေးပေါ်မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးမရရှိနိုင်ပါက ရေစိုအဝတ်ဖြင့် အောက်ဆီဂျင်ဖြတ်တောက်၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်စုယဉ်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဟန်စုယဉ်**

# ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်နေပြီး တောင်သူများ သီးနှံ့ဝင်ငွေရရှိနေ

**မြန်အောင် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေပြီး တောင်သူများ သီးနှံ့ဝင်ငွေရရှိနေကြောင်း မြန်အောင်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေဆွေ၏ပြောပြချက်အရ သိရသည်။

မြန်အောင်မြို့နယ် ကုန်စိမ်းဈေးကွက်အတွင်း ဇန်နဝါရီလပထမပတ်မှစ၍ ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေပြီး တစ်ရက်လျှင် ခဝဲသီးအလုံး ၃၅၀၀၀ မှ ၅၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မြန်အောင်မြို့နယ်ကနေ ထွက်ရှိတဲ့ ခဝဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်ယူမှုများလို့ တစ်ရက်ကို ခဝဲသီးအလုံး ၅၅၀၀၀ လောက်အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးတွေက အရည်အသွေးကောင်းတဲ့အပြင် ဒေသထွက်ကုန်ဖြစ်လို့ ဈေးနှုန်းသက်သာပြီး လတ်ဆတ်မှုလည်းရှိတယ်။ အခုလို ဒေသထွက်ခဝဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ ဒေသခံတောင်သူတွေ ပိုပြီးအဆင်ပြေလာပါတယ်"ဟု ဒေါ်ဆွေဆွေကပြောသည်။

ထိုသို့ဒေသထွက်ကုန်များ ရောင်းချနိုင်သည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။ **သုတကျော်**

# ကျောက်ဆည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်



**ကျောက်ဆည် ဇန်နဝါရီ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီလ ၁၇ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်ဆုအောင်က သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးသည့် အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်ရန် ကြိုးစားသင်ယူကြစေလိုကြောင်း မှာကြားကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ဖွင့်လှစ်မည့်သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ဆိုင်ကယ်ပြုပြင်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို နည်းပြဆရာနှစ်ဦးက စာတွေ့၊ လက်တွေ့ ၁၅ ရက်ကြာ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နီလာ**

# ပုပ္ပားတောင်မကြီး မီးတောင်ချိုင့်ဝှမ်းအတွင်း ကျင်လည်ကျက်စား နေထိုင်လျက်ရှိသော ပုပ္ပားမျောက်မြီးရှည်များကိုလာရောက်လေ့လာနိုင်

**ညောင်ဦး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၁ မိုင်ခန့်အကွာတွင်တည်ရှိနေသည့် ပုပ္ပားတောင်မကြီး မီးတောင်ချိုင့်ဝှမ်းအတွင်း ပုပ္ပားမျောက်မြီးရှည်များ ကျင်လည်ကျက်စားနေထိုင်လျက်ရှိရာ သဘာဝသားရဲတိရစ္ဆာန်ချစ်မြတ်နိုးသူများ၊ သဘာဝတောတောင်ရေမြေချစ်မြတ်နိုးသူများလာရောက်လေ့လာနိုင်ကြောင်း ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးတင်အုန်းကျော်ထံမှသိရသည်။



မီးတောင်ချိုင့်ဝှမ်းအတွင်း၌သာ တွေ့ရှိရသည့်မျောက်များကို ယခင်ကမျောက်မျက်ကွင်းဖြူဟုခေါ်ဆိုခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၁ ရက်တွင် မျိုးစိတ်သစ်အဖြစ်သတ်မှတ်ကြေညာခဲ့ပြီး ပုပ္ပားမျောက်မြီးရှည်များဟု ပြောင်းလဲခေါ်ဆိုခဲ့ကြောင်း၊ ပုပ္ပားတောင်ဥယျာဉ်ရှိ မီးတောင်ချိုင့်ဝှမ်းအတွင်း၌သာမက နွားလဘို့တောင်၊ မှန်ပြတောင်၊ ဆေးမွှန်တောင်တို့တွင် နေထိုင်ကျက်စားကြကြောင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ စာရင်းကောက်ယူမှုမှတ်တမ်းများအရ အကောင်ရေ ၁၁၆ ကောင်ခန့်တွေ့ရှိရပြီး ၂၀၂၄ ခုနှစ် စာရင်းကောက်ယူမှုမှတ်တမ်းများအရ အကောင်ရေ ၁၅၀ ခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်သာ တွေ့ရှိနိုင်သည့် ပုပ္ပားမျောက်မြီးရှည်များကို ဒေသခံများက မျောက်သူတော်ဟုလည်းကောင်း၊ မျောက်ဇီးကွက်ဟုလည်းကောင်း၊ မျောက်မျက်ကွင်းဖြူဟုလည်းကောင်း ခေါ်ဆိုကြပြီး ပတ်ဝန်းကျင်ကျေးရွာများတွင် စိုက်ပျိုးထားသည့် စိုက်ခင်းများမှ သီးနှံများကို စားသောက်ဖျက်ဆီးခြင်းမပြုဘဲ သဘာဝတောထဲမှ အသီးအရွက်နုများကို စားသောက်ကြကြောင်း၊ လူများနှင့်အနီးကပ်နေထိုင်မှုမရှိဘဲ တောနက်နှင့် မတ်စောက်သည့်ကျောက်ထပ်ကမ်းပါးယံများတွင်အနေအထိုင်များကြောင်း ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူးထံမှသိရသည်။

**ဒီပါလင်း**

# ကျိုက်ထိုမြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**ကျိုက်ထို ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ဇန်နဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၈၀ ဦးတို့ပူးပေါင်းကာ မြက်ပင်များရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ခြင်း စသည့်လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# မကွေးမြို့နယ်၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုစစ်ဆေး



**မကွေး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောင်းဆောင်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ဇန်နဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျောင်းဆောင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်းနှင့် ပါဝါမီတာစက်ခန်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးကျေးရွာရေရရှိရေးလုပ်ငန်းများအား အကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန်မှာကြားသည်။

မကွေးမြို့နယ် ကျောင်းဆောင်ကျေးရွာ၌ တွင်းအကျယ် ၄ လက်မ၊ အနက်ပေ ၆၄၀ ရှိသော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၀ ပေရှိသော ပါဝါမီတာစက်ခန်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၅၂ ဒသမ ၁၈၅ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ရာယခုအခါရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျောင်းဆောင်ကျေးရွာရှိ အိမ်ခြေ ၁၀၃ အိမ်မှလူဦးရေ ၃၆၅ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိ သွေးကြောများ သွေးလည်ပတ်မှု ကောင်းစေသည်။

# အခြေခံပညာနှင့်စက်မှု စိုက်ပျိုး မွေးမြူရေးသင်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများအား လေ့လာရေးခရီးစဉ်ပို့ဆောင်ပေး

**ချောင်းဆုံ ဇန်နဝါရီ ၁၈**

မွန်ပြည်နယ်ချောင်းဆုံမြို့နယ်ရွာလွတ်ကျေးရွာ၌ ဖွင့်လှစ်ထားသည့်အခြေခံပညာနှင့်စက်မှု စိုက်ပျိုး မွေးမြူရေးသင်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများကို စာတွေ့သင်ကြားမှုအပြင် မြေပြင်ကွင်းဆင်း လက်တွေ့လေ့လာနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီလ ၁၇ ရက်တွင် မြို့နယ်အတွင်းရှိ ဆောင်းသီးနှံများ စိုက်ပျိုးအောင်မြင်နေသောစိုက်ခင်းများသို့ လေ့လာရေးခရီးစဉ်ပို့ဆောင်ပေးသည်။

အဆိုပါ လက်တွေ့လေ့လာရေးခရီးစဉ်အဖြစ် စိုက်ပျိုးမွေးမြူရေး ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးတို့အား တာဝန်ရှိသူများက ကော့မုပွန်ကျေးရွာရှိ မတ်ပဲကေ ၁၀၀ အကွက်ကျယ်စိုက်ခင်း၊ ကုလားဘီကျေးရွာရှိ နေကြာကေ ၂၀၀ အကွက်ကျယ်စိုက်ခင်းနှင့် နတ်မော်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန စံပြစိုက်ကွက်များကိုလေ့လာနိုင်ရေး ပို့ဆောင်ပေးရာ ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**ကျော်ကျော်အောင်**



# အထပ်မြင့်အဆောက်အအုံမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသဏ္ဍာန်တူသရုပ်ပြလေ့ကျင့်

ဘားအံ ဇန်နဝါရီ ၁၈

မီးဘေးလုံခြုံရေး၊ သဘာဝဘေး အန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး လုပ်ငန်းများကို ထိရောက်လျင်မြန်စွာနှင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ရန်၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့်လေ့ကျင့်သားပြည့်ဝစေရန် ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်မှုကို ယနေ့ နံနက် ၈ နာရီတွင် ဘားအံမြို့ လှာကမြင်ကွက်သစ်အားကစားသမားတည်းခိုဆောင် ငါးထပ်အဆောက်အအုံ၌ ကျင်းပသည်။



ရှေးဦးစွာ ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံခရိုင်မီးသတ်စခန်း၊ ဘားအံမြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဦး၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းမှအသင်းဝင် ၂၀ ဦး၊ မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီး၊ နိုင်ငံတကာအဆင့်မီ Hydraulic Platform Vehicle 48 meter အထပ်မြင့် မီးငြိမ်းသတ်ရေးယာဉ် တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းမှ လူနာတင်ယာဉ်နှစ်စီး စုစုပေါင်းယာဉ်/စက် ၁၃ စီးတို့ဖြင့် မီးလောင်မှုသတင်းကိုရရှိသည်နှင့် ယာဉ်အုပ်စုများထွက်ခွာ၍ မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပိတ်မိသူများအား ဝင်ရောက်ရှာဖွေကယ်ဆယ်၍ အနီးစပ်ဆုံးဆေးရုံသို့ပို့ဆောင်ပေးခြင်း၊ မီးကို အပြီးသတ်ငြိမ်းသတ်နိုင်ရေးအတွက် အဆောက်အအုံအတွင်းဝင်ရောက်၍ အထပ်လိုက် မီးငြိမ်းသတ်ခြင်း၊ သက်ဆိုင်ရာယာဉ်အုပ်စုများက မီးကိုအပြီးသတ်ငြိမ်းသတ်ပြီးနောက် မီးလောင်မှုအကြောင်းရင်းကို ရှာဖွေခြင်း၊ မီးလောင်ဆုံးရှုံးမှုများကိုတွက်ချက်ခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ပြန်လည်စုစည်း၍ တပ်ဖွဲ့ဝင်များအား ပြန်လည်စိစစ်ခြင်းများကို သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများကို ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အကျိုးရှိရှိထိရောက်စွာအသုံးပြုနိုင်ရေး အမြဲလေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားကာ သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းဝင်များအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် ညအပူချိန်များ

၁၈-၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |




**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်နေ မောင်နေလင်းအောင် (ဘ)ဦးစန်းလွင် ၁၄/ဒဒရ(နိုင်)၁၂၈၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၃၃၄၃၀၇

**ပျောက်ဆုံးကြောင်း**
ထန်းတပင်မြို့နယ်၊ အတွင်းရေကျော်ကျေးရွာနေ မညိုချော(ဘ)ဦးဆန်းဝင်း ၁၂/ထတပ(နိုင်)၀၇၂၇၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 615713)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ဖခင်အမည်မှန်**
ညောင်လေးပင်မြို့၊ အလက(ခွဲ) သမစိတ္တကျောင်း၊ Grade-5 မှ မရွှေပိုးလွှာ၏ ဖခင်အမည်မှန်မှာ ဦးဇေယျာပိုင် ၁၂/ဗဟန(နိုင်) ၁၀၂၄၇၉ ဖြစ်ပါကြောင်း။ ဦးဇေယျာပိုင်

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ (၂၀)ရပ်ကွက်၊ ထင်းရှူးမြိုင်လမ်းနေ မောင်ကောင်းမင်းခန့် (ဘ)ဦးနိုင်လင်းအောင် ၁၂/ဒဂတ(နိုင်) ၁၂၇၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၃၃၄၃၀၇

**ပျောက်ဆုံးကြောင်း**
မမို့မို့ဇင်(ဘ)ဦးမျိုးသိန်း ၁၂/လမန(နိုင်) ၁၄၇၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အေးစုနွယ်(ဘ)ဦးဝင်းကို ၁၂/ကတန(နိုင်) ၁၃၄၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 258900)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၅၂၉၉၂

**ပျောက်ဆုံးကြောင်း**
မခင်သန္တာ(ဘ)ဦးမောင်အေး ၁၀/မလမ(နိုင်) ၁၆၉၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၀၉၁၃၅၈

**ပျောက်ဆုံးကြောင်း**
မိသူဇာဦး(ဘ)ဦးတင်ညွန့် ၁၀/ခဆန(နိုင်) ၁၂၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၄၀၀၆၄၆

**ပျောက်ဆုံးကြောင်း**
အောင်လင်း(ဘ)ဦးလှကြည် ၁၀/ရမန(နိုင်) ၀၉၁၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

**ပျောက်ဆုံးကြောင်း**
မခြူသင်း(ဘ)ဦးမြင့်သန်း ၁၀/ပမန(နိုင်) ၂၁၁၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၇၉၃၆၈၃၈

**ပျောက်ဆုံးကြောင်း**
ကျော်ခိုင်ဦး(ဘ)ဦးညွန့်စိန် ၁၀/ပမန(နိုင်) ၁၈၀၆၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၁၃၅၀၃၉၁

**ပျောက်ဆုံးကြောင်း**
ဉာဏ်ထွန်း(ဘ)ဦးကွန်းပု ၁၀/ရမန(နိုင်) ၁၃၉၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၁၃၅၀၃၉၁

**ပျောက်ဆုံးကြောင်း**
မောင်လင်းနိုင်(ဘ)ဦးချိန် ၁၀/ရမန(နိုင်) ၁၅၇၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၁၃၅၀၃၉၁

**ပျောက်ဆုံးကြောင်း**
ဦးစိုးပိုင်(ဘ)ဦးစိုးမြင့် ၁၀/မဒန(နိုင်) ၁၇၈၃၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

**ပျောက်ဆုံးကြောင်း**
ယဉ်မင်းသူ(ဘ)ဦးရန်နိုင် ၁၀/မလမ(နိုင်) ၁၄၀၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၂၆၈၈၁၅

**ပျောက်ဆုံးကြောင်း**
နော်ဖောခေါ်(ဘ)ဦးတင်ဝင်း ၁၀/ဘလန(နိုင်) ၁၈၉၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၃၆၅၈၈၀

**ပျောက်ဆုံးကြောင်း**
နန်းသီတာအေး(ဘ)ဦးညွန့်လှိုင် ၁၀/ဘလန(နိုင်)၀၈၀၁၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၆၀၀၀၇၂၀

**ပျောက်ဆုံးကြောင်း**
မသန်းမြင့်(ဘ)ဦးအောင်မင်း ၁၀/ကမရ(နိုင်)၀၀၆၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
မောင်အာမင်(ဘ)ဦးအပ္ပနူဂျာဘာ ၁၀/ကပရ(နိုင်)၀၆၄၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

# ပရီးမီးယားလိဂ်ပွဲစဉ်(၂၂) စပိန်လာလီဂါပွဲစဉ်(၂၀)နှင့် အီတလီစီးရီးအေပွဲစဉ်(၂၁)ပွဲကြိုသုံးသပ်ချက်



## မန်ယူ Vs ဘရိုက်တန်

**ကစားမည့်ရက်/အချိန်**
**(၁၉-၁-၂၀၂၅ ည ၈:၃၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**ဘရိုက်တန် ၂ - ၁ မန်ယူ**
**ဘရိုက်တန် ၀ - ၂ မန်ယူ**
**မန်ယူ ၁ - ၃ ဘရိုက်တန်**
**နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **မန်ယူ** | **ဝေး(သရေ)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |
| **ဘရိုက်တန်** | **အိမ်(သရေ)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |

မန်ယူအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ ဆောက်သမ်တန်အသင်းကိုအနိုင်ရရှိပြီး ပရီးမီးယားလိဂ်အိမ်ကွင်း သုံးပွဲဆက်ရှုံးနိမ့်နေမှုကို ရပ်တန့်နိုင်ခဲ့ပါတယ်။ မန်ယူအသင်းက နည်းပြအမိုရင်လက်အောက်မှာ ရလဒ်ပိုင်းတွေက စိတ်ကျေနပ်စရာမကောင်းသေးဘူးဆိုပေမယ့် နောက်ဆုံးကစားတဲ့သုံးပွဲမှာတော့ ပုံစံကောင်းတွေပြန်လည်ပြသနိုင်ခဲ့ပြီး လီဗာပူးအသင်းနဲ့ အာဆင်နယ်အသင်းတို့ကို သရေရလဒ်ရရှိအောင် ကစားနိုင်ခဲ့သလို ဆောက်သမ်တန်အသင်းကိုလည်း အနိုင်ရရှိခဲ့ပါတယ်။ မန်ယူအသင်းက နည်းပြသစ်အမိုရင်လက်အောက်မှာ ကစားကွက်ပိုင်းက တိုးတက်လာတယ်ဆိုပေမယ့် တိုက်စစ်ပိုင်းကတော့ အဆုံးသတ်ပိုင်းလိုအပ်ချက်လေးတွေရှိနေဆဲဖြစ်ပြီး အခုပွဲစဉ်မှာ အဆုံးသတ်ပိုင်းကိုသေချာပြင်ဆင်ကစားနိုင်မယ်ဆိုရင်တော့ ရလဒ်ကောင်းတစ်ခုအတွက် ဦးတည်နိုင်မှာပါ။ မန်ယူအသင်းက ဒီဘောလုံးရာသီအိမ်ကွင်းပွဲစဉ်တွေမှာ ရလဒ်တွေမတည်မငြိမ်ဖြစ်နေပြီး ပရီးမီးယားလိဂ်အိမ်ကွင်း ၁၁ ပွဲကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိထားပြီး တစ်ပွဲသရေရလဒ်နဲ့ ငါးပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက အားရစရာမရှိဘူးဆိုပေမယ့် အခုအိမ်ကွင်းပွဲစဉ်မှာတော့ အမှားခံမှာမဟုတ်ဘဲ သေချာပြင်ဆင်ကစားလာမှာပါ။

ဘရိုက်တန်အသင်းက မန်ယူအသင်းနဲ့နောက်ပိုင်းတွေ့ဆုံမှုတွေမှာ အမြဲအခက်တွေ့အောင်ကစားနိုင်ခဲ့ပါတယ်။ ဘရိုက်တန်အသင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေအနည်းငယ်ပြန်လည်ကျဆင်းနေပြီး ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလည်း သူတို့အတွက်ကတော့ လွယ်ကူမှာမဟုတ်ပါဘူး။ ဒီဘောလုံးရာသီမှာ ဘရိုက်တန်အသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိသေးဘဲ ပရီးမီးယားလိဂ် အဝေးကွင်း ၁၁ ပွဲကစားပြီးချိန်မှာ လေးပွဲသာအနိုင်ရရှိပြီး လေးပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ထားပါတယ်။ ဘရိုက်တန်အသင်းရဲ့ စွမ်းဆောင်ရည်ပိုင်းကလည်း ၂၁ ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲသာအနိုင်ရရှိထားပြီး ၁၀ ပွဲသရေရလဒ်နဲ့ လေးပွဲရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိပါဘူး။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ မန်ယူအသင်းက ၁၀ ကြိမ်အနိုင်ရရှိထားပါတယ်။ ဘရိုက်တန်အသင်းက ခုနစ်ကြိမ်အနိုင်ရရှိပြီး တစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းကလည်း ကွာခြားမှုမရှိလို့ အိမ်ရှင်အားသာချက်နဲ့ ကစားလာမယ့် မန်ယူအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- မန်ယူ ၂ - ၁ ဘရိုက်တန်

## ရီးယဲလ်မက်ဒရစ် Vs လက်စ်ပါးမက်စ်

**ကစားမည့်ရက်/အချိန်**
**(၁၉-၁-၂၀၂၅ ည ၉:၄၅ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**လက်စ်ပါးမက်စ် ၁ - ၁ ရီးယဲလ်မက်ဒရစ်**
**လက်စ်ပါးမက်စ် ၁ - ၂ ရီးယဲလ်မက်ဒရစ်**
**ရီးယဲလ်မက်ဒရစ် ၂ - ၀ လက်စ်ပါးမက်စ်**
**နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **ရီးယဲလ်မက်ဒရစ်** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |
| **လက်စ်ပါးမက်** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

ရီးယဲလ်မက်ဒရစ်အသင်းက ထိပ်တန်းကစားသမားအများစုနဲ့ ဖွဲ့စည်းထားတယ်ဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေပြီး ဝေဖန်မှုတွေနဲ့ရင်ဆိုင်နေရလို့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ ပြတ်သားတဲ့အနိုင်ရလဒ်တစ်ခုရရှိဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ လက်ရှိရီးယဲလ်မက်ဒရစ်အသင်းရဲ့ ကစားသမားစုဖွဲ့မှုပိုင်းနဲ့ ခြေစွမ်းပိုင်းကလည်း လက်စ်ပါးမက်စ်အသင်းကို အိမ်ကွင်းမှာ အနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ဒီဘောလုံးရာသီစပိန်လာလီဂါအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်ရမယ်ဆိုရင် စပိန်လာလီဂါအိမ်ကွင်းကိုးပွဲကစားပြီးချိန်မှာ ရှစ်ပွဲအနိုင်ရရှိထားပြီး တစ်ပွဲသာရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာအနေအထားပါ။ အမ်ဘတ်ပီနဲ့ ဗင်နီစီးယက်စ်တို့ ဦးဆောင်လာမယ့် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းကလည်း လက်စ်ပါးမက်စ်အသင်းခံစစ်ပိုင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်စွမ်းရှိနေပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်း အိမ်ကွင်းတိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကတော့ ကိုးပွဲကစားပြီးချိန်မှာ ၂၉ ဂိုးရရှိထားပါတယ်။

လက်စ်ပါးမက်စ်အသင်းကတော့ နောက်ဆုံးကစားတဲ့ နှစ်ပွဲဆက်ရှုံးနိမ့်ထားပြီး ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလည်း ရီးယဲလ်မက်ဒရစ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။ လက်စ်ပါးမက်စ်အသင်းရဲ့ ဒီဘောလုံးရာသီစပိန်လာလီဂါအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်ရမယ်ဆိုရင်လည်း ကိုးပွဲကစားပြီးချိန်မှာ သုံးပွဲသာအနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နဲ့ ငါးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းတွေကတော့ ဆိုးရွားနေပါတယ်။ လက်စ်ပါးမက်စ်အသင်းက အသင်းသမိုင်းတစ်လျှောက် ရီးယဲလ်မက်ဒရစ်အသင်းကို တစ်ကြိမ်မှအနိုင်ရရှိခဲ့ဖူးခြင်းမရှိသေးလို့ အခုပွဲစဉ်မှာလည်း ဂိုးပြတ်မရှုံးနိမ့်အောင်သာ အဓိကထားပြင်ဆင်ရမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းက ခြောက်ကြိမ်အနိုင်ရရှိထားပါတယ်။ လက်စ်ပါးမက်စ်အသင်းက တစ်ကြိမ်မှအနိုင်ရရှိဖူးခြင်းမရှိသေးဘဲ သုံးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်ပါ အဘက်ဘက်ကအသာစီးမှာရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

ခန့်မှန်းရလဒ်-ရီးယဲလ်မက်ဒရစ် ၃-၀ လက်စ်ပါးမက်စ်

## ဗီအိုရင်တီးနား Vs တိုရီနို

**ကစားမည့်ရက်/အချိန်**
**(၁၉-၁-၂၀၂၅ ည ၆:၀၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**တိုရီနို ၀ - ၁ ဗီအိုရင်တီးနား**
**တိုရီနို ၀ - ၀ ဗီအိုရင်တီးနား**
**ဗီအိုရင်တီးနား ၁ - ၀ တိုရီနို**
**နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **ဗီအိုရင်တီးနား** | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **တိုရီနို** | **ဝေး(သရေ)** | **အိမ်(သရေ)** | **အိမ်(သရေ)** |

နောက်ဆုံးကစားတဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဗီအိုရင်တီးနားအသင်းက အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဗီအိုရင်တီးနားအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆိုးရွားနေတယ်ဆိုပေမယ့် ဒီဘောလုံးရာသီ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ အီတလီစီးရီးအေအိမ်ကွင်းကိုးပွဲကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိထားပြီး နှစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲသာရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ တည်ငြိမ်မှုရှိနေပါတယ်။ ဗီအိုရင်တီးနားအသင်းက အီတလီစီးရီးအေ ၁၉ ပွဲကစားပြီးချိန်မှာ ကိုးပွဲအနိုင်ရရှိထားပြီး ငါးပွဲသရေရလဒ်နဲ့ ငါးပွဲရှုံးနိမ့်ထားပြီး အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။

တိုရီနိုအသင်းကလည်း အဓိက ကစားသမားတွေ အနီကတ်ပြစ်ဒဏ်ကြောင့် ပွဲပယ်ခံထားရသလို ဒဏ်ရာကြောင့်အနားယူနေခဲ့ရလို့ နောက်ပိုင်းပွဲစဉ်တွေမှာ ရုန်းကန်နေရပါတယ်။ တိုရီနိုအသင်းရဲ့ ဒီဘောလုံးရာသီ စီးရီးအေအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာလည်း ၁၀ ပွဲကစားပြီးချိန်မှာ သုံးပွဲသာအနိုင်ရရှိထားပြီး သုံးပွဲသရေရလဒ်နဲ့ လေးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ စိတ်ချလို့ရတဲ့အနေအထားမှာမရှိဘဲ ရုန်းကန်နေရလို့ အခုအဝေးကွင်းပွဲစဉ်မှာလည်း အဓိက ကစားသမားမစုံလင်လို့ ရလဒ်ကောင်းဖို့ လွယ်ကူမှာမဟုတ်ပါဘူး။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဗီအိုရင်တီးနားအသင်းက ၁၁ ကြိမ်အနိုင်ရရှိထားပါတယ်။ တိုရီနိုအသင်းက ငါးကြိမ်အနိုင်ရရှိပြီး ၁၂ ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိနေတဲ့ ဗီအိုရင်တီးနားအသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ်- ဗီအိုရင်တီးနား ၁ - ၀ တိုရီနို

## ပရီးမီးယားလိဂ်ပွဲစဉ်(၂၂)

| | | |
|---|---|---|
| အဲဗာတန် | - | **စပါး** |
| **နော့တင်ဟမ်** | - | ဆောက်သမ်တန် |
| အစ်ဝှစ်ချ် | - | **မန်စီးတီး** |

## စပိန်လာလီဂါပွဲစဉ်(၂၀)

| | | |
|---|---|---|
| ဆယ်လ်တာဗီဂို | - | **ဘီလ်ဘာအို** |
| **အိုဆာဆူနာ** | - | ဗယ်လ်ကာနို |
| ဗလင်စီယာ | - | **ဆိုစီဒက်စ်** |

## အီတလီစီးရီးအေပွဲစဉ်(၂၁)

| | | |
|---|---|---|
| **ကက်ဂလီယာရီ** | - | လက်ချီ |
| **ပါးမား** | - | ဗင်နီဇီယာ |
| ဗီရိုနာ | - | **လာဇီယို** |
| **အင်တာမီလန်** | - | အမ်ပိုလီ |

**စည်သူအောင်**



# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဇောင်ကြမ်းပင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကုမာရသိရီ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အေးသာယာရပ်ကွက် ဇောင်ကြမ်းပင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကုမာရသိရီ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် (၆၇)နှစ်၊ သိက္ခာ (၄၇)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄)ရက်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်၊ သောကြာနေ့၊ ည ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**အဖွဲ့ဝင်ဆရာတော်**
**စစ်ကိုင်းတိုင်းဒေသကြီး၊**
**မုံရွာမြို့၊ အေးသာယာရပ်ကွက်၊**
**ဇောင်ကြမ်းပင်ကျောင်းတိုက် ဦးစီးပဓာနနာယက**
**ဘဒ္ဒန္တကုမာရသိရီ (အဂ္ဂမဟာပဏ္ဍိတ၊**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏**
**ထေရုပ္ပတ္တိအကျဉ်း**

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ပေါက်ပင်ဆိပ်ရွာ၊ ခမည်းတော် ဦးတုတ် + မယ်တော် ဒေါ်လှသွယ်တို့မှ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၃၆ ခုနှစ်၊ ပထမဝါဆိုလဆန်း (၉)ရက်နေ့တွင် မုံရွာမြို့၊ ဇောင်ကြမ်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၃၉ ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက်နေ့တွင် အရာတော်မြို့နယ်၊ ပေါက်ပင်ဆိပ်ရွာ၊ ရွာဦးကျောင်း ခဏ္ဍသိမ်၌ မယ်ဇင်ပင်ကျောင်းဆရာတော် ဘဒ္ဒန္တဇဝနကိုဥပဇ္ဈာယ်ပြု၍ ပေါက်ပင်ဆိပ်ရွာ၊ ဦးဘရှင်း + ဒေါ်ဝိုင်းကြည်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် အရာတော်မြို့နယ်၊ ပေါက်ပင်ဆိပ်ရွာ၊ မဟာဗောဓိကျောင်းဆရာတော် ဘဒ္ဒန္တသီလာစာရ၊ မုံရွာမြို့၊ ဇောင်ကြမ်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဇောင်ကြမ်းပင်ကျောင်းတိုက်၌ ရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၂၂ ခုနှစ်မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်အဖြစ် သာသနာ့တာဝန်များကိုထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစရာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၀ ပြည့်နှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"**ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"**ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။



**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၆၇)နှစ်၊ သိက္ခာ(၄၇)ဝါအရ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄)ရက်၊ (၁၇-၁-၂၀၂၅)ရက်၊ သောကြာနေ့၊ ည ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **(သတင်းစဉ်)**

## ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီလ ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ ဝဲကြီးရေလှောင်တမံ၏ လက်ယာတူးမြောင်းမကြီးနှင့် တူးမြောင်းလက်တံအမှတ်(၁၀-က) တို့မှစိုက်ပျိုးရေပေးဝေနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေပေးဝေရာတွင် အလေအလွင့်နည်းပါးစွာ စနစ်တကျပေးဝေနိုင်ရေး၊ ရေလှည့်စနစ်ဖြင့်ပေးဝေနိုင်ရေး၊ ရေသောက်ဧရိယာအတွင်း ကုန်းမြင့်စိုက်ပျိုးမြေများတွင် ဆိုလာရေတင်စနစ်ဖြင့်လည်းကောင်း၊ အလိုအလျောက်ရေတင်စနစ် (Water Turbine Pump)ဖြင့်လည်းကောင်း ရေပေးဝေနိုင်ရေးစီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြူတောကန်အုပ်စု နတ်ပုတီးကျေးရွာရှိ တောင်သူဦးကျော်နိုင်၏ ဘဲကောင်ရေ ၅၀၀၀ မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးပြီး ဝဲကြီးဆည်ရေသောက်စနစ် သုံးသီးစိုက်ဧရိယာအတွင်း၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ဆောင်းမတ်ပဲကေ ၁၅၀ စံပြကွက် ရှက်ဖူးမြေသြဇာပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးကာ တောင်သူအသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်ထိရောက်စွာ လုပ်ဆောင်ကြရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်၊ စိုက်ပျိုးရေပေးဝေရန် လိုအပ်သည့်နေရာများတွင် အခိုင်အမာဆောင်ရွက်ရန် အခက်အခဲများရှိပါက ယာယီအစီအစဉ်ဖြင့် ရေပေးဝေနိုင်ရေးစီမံဆောင်ရွက်ပြီး ရေပေးရာသီပြီးဆုံးချိန်တွင် သတ်မှတ်စံချိန်စံညွှန်းအတိုင်း အခိုင်အမာဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး တောင်သူများ၏ အခက်အခဲများကို သက်ဆိုင်ရာဦးစီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပေး၍ ဆောင်းမတ်ပဲစံပြကွက်စိုက်ပျိုးသည့် တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သုံးသီးစိုက်ကေများ ပိုမိုစိုက်ပျိုးနိုင်ရေးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာတာဝန်ခံများနှင့် ဒေသခံတောင်သူများ အတူတကွပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရေး၊ ရေသောက်ဧရိယာနှင့် ဆက်စပ်ဧရိယာများကို စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေးအတွက် ရေရရှိရေးနည်းလမ်းပေါင်းစုံဖြင့် တီထွင်ကြံဆစီမံဆောင်ရွက်သွားရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် Grade 12 သင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်ဆွေးနွေးပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) Grade 12 သင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယခုဖွင့်လှစ်ပို့ချမည့် ဆွေးနွေးပွဲတွင် အဆင့်မြင့်ပညာနှင့် အခြေခံပညာပူးပေါင်းဆောင်ရွက်ကြပြီး ပညာရည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်းနှင့် ပို့ချဆွေးနွေးပေးမည့် တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်နှင့်တကွ ဆရာ၊ ဆရာမများကို ကျေးဇူးတင်ရှိပြီး လေ့လာမှတ်သားနာယူကြမည့် ဆရာ၊ ဆရာမများကလည်း အပြည့်အဝလေ့လာမှတ်ယူကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) Grade 12 သင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့် ဆွေးနွေးပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ချီးမြှင့်ငွေကျပ်သိန်း ၂၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ကပေးအပ်ရာ တောင်ကြီးတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးကိုကိုနိုင်ကလက်ခံရယူပြီး တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နေမျိုးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆွေးနွေးပွဲတက်ရောက်မည့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကြောင်းနှင့် အဆိုပါ Grade 12 သင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်ဆွေးနွေးပွဲတွင် ဆရာ၊ ဆရာမ အင်အား၂၇၀၀ ဦး တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၈ ရက်မှ ၂၁ ရက်အထိ လေးရက်ဆွေးနွေးသွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်တောင်ကြီးတက္ကသိုလ်ဝင်းအတွင်းရှိ မိုးရေစုကန်အမှတ်(၁) သဲနုန်းတူးဖော်နေမှုနှင့် ကန်ပတ်လည်ပြုပြင်နေမှုများ၊ ရေထွက်မှ ကန်အတွင်းစီးဝင်သောရေလမ်းကြောင်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ဂနိုင်ကန်ပတ်လမ်းတွင် အများပြည်သူ အပန်းဖြေအနားယူနိုင်ရန်နှင့် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းများဆောင်ရွက်နိုင်ရန်အတွက် ကန်ပတ်လမ်းအတွင်း ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်ထားရှိခြင်း၊ LEDဆိုလာမီးတပ်ဆင်ထားရှိမှုများနှင့် ကန်အတွင်းပြုပြင်နေမှုများကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇန်နဝါရီ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၂၉၈၂၉၈)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၃၃၇၅၈၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၄၃၅၈၇၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yar Zar Min Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၉၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ ရွှေဘိုမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ အင်းလေးမြိုင်ရပ်၊ မင်းဓမ္မလမ်းရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၅၀၀၀)ကိုလည်းကောင်း၊ မြိတ်မြို့၊ အထက်ရေပုန်းရပ်၊ စပါးရွှေဝါလမ်းရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ကမ်းသာယာလမ်း၊ ကြက်ဒိုင်ဆိပ်အနီး မြစ်ကမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၇၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၃၀၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၈ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ်၊ နောင်နွန်းပူးပေါင်းစစ်ဆေးရေးဂိတ်အနီး လမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း(၃)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၂၁၀၈၇၈)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့်သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိအသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "သန်းလှိုင်သန်းလှိုင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၆)ရပ်ကွက်နေ သန်းဇော်အား နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❒ ကျောဖုံးမှအဆက်

တတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့်တွေ့ဆုံသည့်ပွဲကိုလည်း အနိုင်ရလဒ်ဖြင့် ကျော်ဖြတ်နိုင်ခဲ့ပြီး ၇၂ ပွဲဆက်ရှုံးပွဲမရှိ စံချိန်နှင့်အတူ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ပွဲအစတွင် ရှမ်းယူနိုက်တက်အသင်းက ဖိကစားခဲ့ပြီး ခုနစ်မိနစ်တွင် ကွင်းလယ်ကစားသမားမြတ်ကောင်းခန့်က ယခုပွဲ၏ တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့ရာ ဂိုးပြန်ရနိုင်သည့် အခွင့်အရေးများရသော်လည်း တိုင်ထိ၊ ဘားထိဖြစ်ခဲ့သဖြင့် ပထမပိုင်းပြီးကတည်းက ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုးအသာဖြင့်ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သလို ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ဦးတည်ကစားခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်သဖြင့် ယခုရာသီ ပထမဆုံးရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ဟိန်းဖြိုးဝင်းက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၄၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၃၅ မှတ်ရရှိထားသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့် ပွဲတွင် ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ငါးမိနစ်တွင် စိုးမင်းဦး၊ ၅၆ မိနစ်တွင် ပြည်မိုး၊ ၇၂၊ ၈၃ မိနစ်တွင် ကြည်စိုးကသွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၅ မိနစ်တွင် မိုကာလူးနှင့် ၂၅ မိနစ်တွင် သန်းကျော်ဌေးတို့က သွင်းယူသည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ၁၆ ပွဲကစား ၂၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ခြောက်မှတ်ရရှိထားသည်။

ပွဲစဉ် (၁၆) တတိယနေ့ကို ဇန်နဝါရီလ ၁၉ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family




မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇




OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar





❖ **နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ် . . .**

❖ **ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင်နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ် . . .**

❖ **အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ . . .**

❖ **ဥပမာပေးရမည်ဆိုပါက "အရိပ်နေနေ၊ အခက်ချိုးချိုး" ပြုလုပ်နေသူများဖြစ် . . .**

❖ **၎င်းကဲ့သို့ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ဆင်္ဘမအကြိမ် အင်းလေးကန်ဖြတ် စက်ဘီးစီးပွဲတော်ကျင်းပ




ညောင်ရွှေ ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ယနေ့တွင် ညောင်ရွှေမြို့ ကျောက်တိုင်ကွင်း၌ ဆင်္ဘမအကြိမ် အင်းလေးကန်ဖြတ် စက်ဘီးစီးပွဲတော်ဖွင့်ပွဲအခမ်းအနားတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဆင်္ဘမအကြိမ် အင်းလေးကန်ပတ်လမ်း စက်ဘီးစီးမည့်အားကစားသမားများကို ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်ဘီးစီးပွဲတော်ကို တာလွှတ်ပေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ➲**

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲမရှိစံချိန်ဖြင့် ဆက်လက်ဦးဆောင်

ရန်ကုန် ဇန်နဝါရီ ၁၈

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆) ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း အနိုင်ရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်ရေး အဓိကစမ်းသပ်သည့် **စာမျက်နှာ ၃၀ ကော်လံ ၁ ❐**



ရောင်စုံပျိုသင်းစာပန်းခင်း

စာ - ၁၁ သို့

နိုပါတ်တော်လာ သိမှတ်စရာ
မိတ်ဆွေကောင်းဟူသည်
သန့်သူရ

လူငယ်နှင့်ကြီးပွားရေး
ကြော်ငြာ
ပီမိုးနင်း

လေ့လာမှတ်သားစရာ
စီးပွားရေး
ဝေါဟာရ (၃)

ဆောင်းပါးစာ - ၁၃ သို့

## (၁၈-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၁၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
ပုသိမ်သူ G & G Store ဆိုင်များ
Online
Easy Ticket, Go - Auto Ticket
ရန်ကုန် –
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု